မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၆)

၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့
၂၀၂၄ ခုနှစ်၊ ဧပြီ ၈ ရက်၊ တနင်္လာနေ့



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သံဃာဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတ ဦးစီးပဓာနပြု၍ ရှင်သာမဏေ အပါး (၅၀၀၀) ရှင်ပြုခြင်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၇**

သံဃာဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတဦးစီးပဓာနပြု၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပည့်သာဝကအပေါင်းတို့စုပေါင်း၍ ကျင်းပပြုလုပ်သော ရှင်သာမဏေ အပါး (၅၀၀၀)ရှင်ပြုခြင်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ဗိဿနိုးပျူမြို့တော်ဟောင်းအတွင်းရှိ ရွှေရောင်တော်ဘုရားအနီး ဗဟိုမဏ္ဍပ်၌ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ **စာမျက်နှာ ၁၅ ကော်လံ ၁** ■



သံဃာဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတ ဦးစီးပဓာနပြု၍ ရှင်သာမဏေအပါး (၅၀၀၀) ရှင်ပြုခြင်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

**၇-၄-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ**

| | | | |
|---|---|---|---|
| ချောက် | ၄၇ ဒီဂရီဆဲလ်စီးယက် | တောင်တွင်းကြီး | ၄၄ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၅ ဒီဂရီဆဲလ်စီးယက် | ဂန့်ဂေါ | ၄၄ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၅ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၄ ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၄ ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၄ ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၄ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၄၃ ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၄ ဒီဂရီဆဲလ်စီးယက် | မန္တလေး | ၄၃ ဒီဂရီဆဲလ်စီးယက် |


ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းလုပ်ငန်းစဉ်များအကြောင်းသိကောင်းစရာ — ဆောင်းပါးစာ - ၆ သို့

လေဖြတ်နိုင်ခြေပိုများသောအခြေအနေများနှင့် ဆောင်ရန်ရှောင်ရန် — ဆောင်းပါးစာ - ၂၄ သို့

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မဟာသင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ၂၄ နာရီဖွင့်လှစ်ထားမည် — စာ - ၃ သို့





## အာယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဧပြီ ၈ ရက်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု(၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်တွင် နေပြည်တော်ရှိ KMA နေပြည်တော်ဟိုတယ်၌ ကျင်းပခဲ့သည်။ မဲခေါင်-လန်ချန်းဒေသ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုဘဝသာယာဝပြောရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကိုစတင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ပါဝင်သည်။ ပူးပေါင်းဆောင်ရွက်မှု ရှစ်နှစ်တာကာလအတွင်း ထင်သာမြင်သာရှိသောဖွံ့ဖြိုးတိုးတက်မှုများကိုတွေ့မြင်ကြရသည်။

မဲခေါင်မြစ်သည် နိုင်ငံဖြတ်ကျော်စီးဆင်းလျက်ရှိသည့် မြစ်ကြီးတစ်စင်းဖြစ်သည်။ မဲခေါင်နိုင်ငံ (၆) နိုင်ငံအားလုံးတို့အား သာတူညီမျှစွာအကျိုးပြုလျက်ရှိသောမြစ်ကြီးတစ်စင်းလည်းဖြစ်သည်။ မဲခေါင်မြစ်တစ်လျှောက်တွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထုအတွက် စားနပ်ရိက္ခာနှင့်ဝင်ငွေရရှိစေသည့် အဓိကအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ မဲခေါင်နိုင်ငံများအနေဖြင့် မဲခေါင်မြစ်၏အကျိုးကျေးဇူးများကိုမျှဝေခံစားလျက်ရှိသကဲ့သို့ မဲခေါင်မြစ်ကြီးကို ကာကွယ်ထိန်းသိမ်းရန် မဲခေါင်မြစ်နှင့်ဆက်စပ်လျက်ရှိသောနိုင်ငံများအားလုံးတွင်တာဝန်ရှိကြသည်။

မဲခေါင်မြစ်နှင့်ဆက်စပ်၍ တည်ထောင်အကောင်အထည်ဖော်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားများနှင့် အစီအစဉ်များအနက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အအောင်မြင်ဆုံးပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို နေပြည်တော်၌ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ပထမဦးစွာအဆိုပြုခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်တွင် စတင်ပေါက်ဖွားလာခဲ့ပြီး မဲခေါင်မြစ်အားမှီတင်းနေထိုင်ကြသော ပြည်သူလူထု၏သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကိုရှေးရှုလျက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးယန္တရားကို စတင်ထူထောင်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်ချမှတ်ခဲ့သည့် မဲခေါင်-လန်ချန်းခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုအပေါ် အလေးထားကြရမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာသန်း ၃၀၀ မတည်ထူထောင်ထည့်ဝင်ပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ တရုတ်နိုင်ငံနှင့်မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ဝန်ကြီးအဆင့်အစည်းအဝေး (၃)ကြိမ်ကျင်းပခဲ့သည်။ ထို့ပြင် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်းခေါင်းဆောင်များအစည်းအဝေး၌ အရေးပါသည့် “နေပြည်တော်ကြေညာစာတမ်း”၊ “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ငါးနှစ်တာလုပ်ငန်းအစီအစဉ်(၂၀၂၃-၂၀၂၇)”နှင့် “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၊ တီထွင်ဆန်းသစ်မှုစင်္ကြံဖွံ့ဖြိုးတိုးတက်ရေးပူးတွဲအစီအစဉ်”တို့ကိုအောင်မြင်စွာအတည်ပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းတန်ဖိုးရှိ စီမံကိန်းပေါင်း ၁၀၆ ခုကို လက်ခံရရှိခဲ့ကြောင်းသိရှိရသည်။ နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးကျေးဇူးများစွာရရှိခဲ့ကြောင်းသိရှိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရှစ်နှစ်တာကာလအတွင်း ဒေသတွင်း၌ မီးရထားလမ်း၊ ကားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ သဘာဝဓာတ်ငွေ့နှင့်ဓာတ်အားလိုင်းချိတ်ဆက်မှုစသည့်ကဏ္ဍများတွင် တိုးတက်မှုများစွာရရှိခဲ့ကြောင်းသိရှိရသည်။ ပို့ဆောင်ချိတ်ဆက်မှုကဏ္ဍတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတို့ကို အရှိန်အဟုန်မြှင့်တင်စေနိုင်ခဲ့သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းစုစုပေါင်း ၇၀၀ ကျော်အား အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှရရှိသည့် အကျိုးကျေးဇူးများမှာ ပြည်သူလူထုအတွက်များစွာအထောက်အကူဖြစ်စေသည်။ မြန်မာပြည်သူများအတွက် အထူးရန်ပုံငွေစီမံကိန်းများမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာသစ်များကိုတိုးတက်ရရှိစေသည်။ မဲခေါင်-လန်ချန်းဒေသတွင်းငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမူဝါဒများမှာလွန်စွာအရေးပါလှသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့်ပြည်သူအချင်းချင်းအပြန်အလှန်ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်စသည့်မဏ္ဍိုင်သုံးရပ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနှင့်သမားရိုးကျမဟုတ်သောလုံခြုံရေးကဏ္ဍစသည့် ကျယ်ပြန့်လှသည့်နယ်ပယ်ပေါင်းစုံတွင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သိသာထင်ရှားသောအကျိုးရလဒ်များရရှိလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ဖြူး၊ ဒေသဖွံ့ဖြိုးရေး

# ဖြူးမြို့နယ် ပတ်တာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပတ်တာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပတ်တာကျေးရွာ၌ လမ်းအရှည်ပေ ၂၈၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသောကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းအားအကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေးဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားသည်။

ဖြူးမြို့နယ် ပတ်တာကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၃၂ သိန်းအသုံးပြုပြီး ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် မတ်လ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုလေး

မိတ္ထီလာ၊ ပညာရေး

# မိတ္ထီလာမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်း ၁၇ ဝိုင်းစတင်ဖွင့်လှစ်သင်ကြား

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ကျေးရွာများအလိုက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်း ၁၇ ဝိုင်းကို ဧပြီလ ၆ ရက် နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းသိရသည်။

“မိတ္ထီလာမြို့နယ်အတွင်းမှာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်း ၁၇ ဝိုင်းကို ကျေးရွာနယ်မြေများအလိုက် ယနေ့စတင်ဖွင့်လှစ်သင်ကြားတာဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူသင်ကြားပေးရတဲ့ မောက်လောက်အုပ်စု မောက်လောက်ကျေးရွာ စာသင်ဝိုင်းကို အခြေခံပညာမူလတန်းကျောင်း (မောက်လောက်) မှာ ဖွင့်လှစ်သင်ကြားပေးတာဖြစ်ပါတယ်။ စာသင်သား ၁၁ ဦး စာရင်းရှိပေမယ့် စာရင်းထဲက လက်ရှိစာသင်သား ကိုးဦးတက်ရောက်သင်ယူနေပါတယ်” ဟု မောက်လောက်စာသင်ဝိုင်းအား တာဝန်ယူသင်ကြားပေးသည့် အခြေခံပညာမူလတန်းကျောင်း(မြင်းကန်) ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှိုင်က ပြောသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်း ၁၇ ဝိုင်းကို ဧပြီလ ၆ ရက်မှ မေလ ၁၅ ရက် အထိဖွင့်လှစ်ကာ စာသင်သားဦးရေ ၂၇၅ ဦးတက်ရောက်မည်ဖြစ်ကြောင်း၊ အဆိုပါ စာသင်ဝိုင်း ၁၇ ဝိုင်းအား မုန်တိုင်၊ ကြွယ်ကန်၊ ကန်နီ၊ ဇရပ်ကုန်း၊ ရိုးတော၊ ဝါးရုံ၊ ဂဠုန်ကုန်း၊ မောက်လောက် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာ၌ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်းသိရသည်။

(၆၀၂)

## ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၈-၄-၂၀၂၄(တနင်္လာနေ့)

| | |
|---|---|
| ၁။ ၀၈း၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ | ၅။ ၁၇း၀၀ သွေးချင်းတို့ဌာနေ |
| ၂။ ၁၀း၄၆ Master Chef | ၆။ ၁၉း၃၀ International Song |
| ၃။ ၁၃း၃၀ Live For You | ၇။ ၂၁း၄၀ အသံလွှင့်ဇာတ်လမ်း |
| ၄။ ၁၅း၀၀ Fighting Music | ၈။ ၂၂း၂၀ Good Night Listeners |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ဘိုကလေး၊ စီးပွားရေး

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဓနိချပ်ရေ ၄၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဓနိချပ်ရေ ၄၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဇာခြည်၏ပြောဆိုချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ဓနိချပ်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဓနိချပ်ရေ ၄၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့တခြားသီးနှံတွေကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့မတ်လက ရန်ကုန်ဈေးကွက်က ဓနိချပ်ဝယ်လိုအားကောင်းခဲ့ပါတယ်။ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာကြပါတယ်" ဟု ဒေါ်ဇာခြည်ကပြောသည်။

ထိုသို့ဓနိချပ်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဓနိချပ်ဈေးက အရင်နှစ်ကထက် ဒီနှစ်က ဈေးကောင်းပိုရနေပါတယ်။ ဓနိချပ် ၁၀၀ ကို ငွေကျပ် ၁၁၀၀၀ အထိ ဈေးရနေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ဓနိထိုးလုပ်သား ကိုသန်းအေးကပြောသည်။

ဘိုကလေးမြို့နယ်၌ ဓနိစိုက်ပျိုးရေးကို ကျေးရွာ ၁၄ ရွာမှ ဒေသခံအများစုက လုပ်ကိုင်ကြကြောင်း၊ လက်ရှိတွင် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။ **သုတကျော်**

**"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးအပြင် ဓနိနဲ့ တခြားသီးနှံတွေကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်. . ."**

ရန်ကုန်၊ မြို့ပြဖွံ့ဖြိုးရေး

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်နေမှု ရာနှုန်းပြည့်ပြီးစီး

ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်း ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံကို ပူးတွဲတည်ဆောက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ သိရသည်။

ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ရန်နှင့် သင်္ကြန်ပွဲတော်ကာလပြီးနောက် တခြားပွဲလမ်းသဘင်အခမ်းအနားများတွင် အသုံးပြုနိုင်ရန်အပြင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းနှင့် လမ်းမတော် စသည့်မြို့နယ်တို့၌ ရေအားဖြည့်ပေးနိုင်ရန်ရည်ရွယ်ပြီး အဆိုပါရေဂါလန် နှစ်သိန်းဆံ့ မြေအောက်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံကို တည်ဆောက်ခြင်းဖြစ်သည်။

"ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်ဝင်းထဲမှာ ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေလှောင်ကန်နဲ့ ရေတွန်းစက်ရုံကို ပူးတွဲတည်ဆောက်လျက်ရှိပါတယ်။ ရန်ကုန်မြို့နေပြည်သူတွေ ရေလုံလောက်စွာရရှိသုံးစွဲဖို့အပြင် နွေရာသီကာလမှာ သောက်သုံးရေပြတ်လပ်မှုမရှိစေဖို့ ရည်ရွယ်ပြီး အခုလိုတည်ဆောက်ရတာဖြစ်ပါတယ်။ တည်ဆောက်တာကတော့ ဒီနှစ်ဇန်နဝါရီလက စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ လုပ်ငန်းအားလုံးရာနှုန်းပြည့်တည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဒေါ်သွဲ့နိုင်ဦးကပြောသည်။

အဆိုပါ မြေအောက်ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံသည် စုစုပေါင်း အလျား ၉၅ ပေ၊ အနံ ပေ ၂၀ နှင့် အနက် ၁၀ ပေရှိပြီး မြေအောက်ရေလှောင်ကန်အတွင်းသို့ ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ ၈ လက်မ အဝီစိတွင်း ငါးတွင်းမှ ရေများဖြည့်ကာ ၁၁ ကီလိုဝပ် ရေတွန်းစက်ခြောက်လုံးဖြင့် တစ်ရက်လျှင် ရေဂါလန် ငါးသိန်းခန့် ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

ရန်ကုန်၊ လူမှုရေး

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မဟာသင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ၂၄ နာရီဖွင့်လှစ်ထားမည်

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို မဟာသင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ ၂၄ နာရီဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များနည်းတူ သင်္ကြန်ကာလအတွင်း ရောက်ရှိလာမည့်လူနာများ အရေးပေါ်အခြေအနေတစ်စုံတစ်ရာဖြစ်ပေါ်ပါက လူအင်အား၊ ဆေးနှင့်ဆေးပစ္စည်းစုံလင်စွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်နှင့် အဘက်ဘက်မှလစ်ဟင်းမှုမရှိစေရန် စနစ်တကျကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

"သင်္ကြန်ကာလမှာ အထူးကုဆရာဝန်တွေအပြင် ခွဲစိတ်အထူးကုဆရာဝန်တွေ၊ အရိုးအထူးကုဆရာဝန်တွေ၊ သူနာပြုတွေ၊ အခြေခံဝန်ထမ်းတွေကအစ စနစ်တကျအားဖြည့်ပြီးတော့ ဆောင်ရွက်ထားပါတယ်။ ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆရာဝန်၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ အမျိုးသားသွေးလှူဘဏ်ကတာဝန်ရှိသူတွေကလည်း ဒီသင်္ကြန်ကာလအတွင်းမှာ ပုံမှန်လည်ပတ်နိုင်ဖို့ စီစဉ်ထားပါတယ်။ ဒ့ါပြင် ပုံမှန်လိုအပ်နိုင်တဲ့ဆေးနဲ့ ဆေးပစ္စည်းတွေအပြင် အရေးပေါ်အခြေအနေတစ်ခုခုဖြစ်လာခဲ့ရင် ပိုမိုလိုအပ်လာနိုင်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကိုလည်း လိုအပ်ချက်မရှိစေဖို့ စနစ်တကျကြိုတင်ပြီးတော့ စုဆောင်းထားပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သင်္ကြန်ကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာမည့်လူနာများကိုကုသရာတွင် လစ်ဟင်းမှုမရှိစေရန် သတ်မှတ်ဇုန်များထားရှိပြီး အသက်အန္တရာယ်စိုးရိမ်ရသည့်လူနာများကို အနီရောင်ဇုန်၊ အခြေအနေစောင့်ကြည့်ပြီး ဆက်လက်ကုသရန်လိုအပ်သည့်လူနာများကို အဝါရောင်ဇုန်နှင့် ထိခိုက်ဒဏ်ရာရရှိမှုနည်းပါးသည့်လူနာများကို အစိမ်းရောင်ဇုန်ဖြင့် ဇုန်များခွဲခြားသတ်မှတ်ကုသပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ် စသည့်ခွဲစိတ်ကုသရန်လိုအပ်သည့် အရေးပေါ်လူနာများကိုလည်း ပုံမှန်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံ့ခ**

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အောင်ကဖြေတော့ အားလုံး တသောသောရယ်မောကြကာ ဆန်းဆန်းမြင့်သည် ချောစုနှင့်အောင်တို့ အပြောနှင့် ရင်းနှီးနေသောဒေဝကိုလှမ်း၍. . .

"ကိုဒေဝတော့ မလွယ်တော့ဘူး၊ ထူမလိုလိုနဲ့ တကယ် အတယ်၊ ဒီကောင်မလေး သက်သက် အမှတ်ယူနေတာ၊ အောင် ဒီလောက်စွံမယ်များထင်နေသလား"

"ခွေးမလေးတွေ"

ဒေဝက ဆဲရေးလိုက်လေသည်။

ချောစုက ရယ်လျက်. . .

"ငါ သနားလိုက်တာဟယ် ဒေဝကြီးကို၊ အနှစ်နှစ်ဆယ်လောက်ပြတ်ကျန်ခဲ့ပြီ"

"ဘယ်သိမလဲဟ၊ နင်တို့က ခပ်တည်တည်နဲ့ဆိုတော့၊ ဟင်း သေကြပါစေတော်"

ဒေဝက မျက်စောင်းတစ်ချက်ထိုးပြီး ကောင်မလေးတွေ ကျိန်သလို ကျိန်လိုက်သဖြင့် အောင်သည် တဟားဟား ရယ်မောမိပြန်သည်။

**အခန်း (၂၃)**

ကိုလတ်နှင့် ကိုအောင်တို့သည် စောင်းလျားပင်အောက်၌ ကုလားထိုင်တစ်လုံးစီတွင် စိမ်ပြေနပြေထိုင်ရင်း ဆေးလိပ်များ ဖွာရှိုက်နေကြသည်။

အဆောင်ပြတင်းကြားမှ အသာချောင်းကြည့်နေကြသော မိန်းကလေးတချို့ကိုလည်း ဂရုမထား။

နည်းနည်းမှ ကြောက်ခြင်း၊ တွန့်ဆုတ်ခြင်းမရှိ။

ခပ်တည်တည်နှင့် ရယ်ရယ်မောမောစကားထိုင်ပြောနေကြသည်။

ဆန်းဆန်းမြင့်က အဆောင်ခန်းထဲမှ လှမ်းကြည့်ပြီး . . .

"ဟိုမှာဟော့ ကြည့်စမ်း၊ ကိုလတ်နဲ့ကိုအောင်တို့ အပြတ်ရင့်တယ်ဟာ၊ ခပ်တည်တည်ပဲ၊ သူတို့အိမ်များ မှတ်နေလားမသိဘူး"

ချောစုက အောင့်ဘက် မေးထိုးပြကာ "အေးပေါ့ဟဲ့. . . သူ့မယားအိမ်ပဲ" ပြောလိုက်တော့. . .

အောင်သည် ချောစု၏ပါးစပ်ကို ကပျာကယာ လှမ်းပိတ်လိုက်ကာ. . .

"မိချောစု. . . ကောင်မ၊ သူတို့ကြားသွားမယ်ဟာ"

"ကြားတော့ နားဖောက်ပြီးသားဖြစ်တာပေါ့"

ကိုလတ်နှင့် ကိုအောင်တို့ ပြန်သွားသည်အထိ အောင်သည် ချောစုကို စိတ်ဆိုးနေသည်။

ချောစုက ရယ်မောကာနေဆဲ. . .

"အံမယ် အံမယ်၊ ကောင်မ အရှက်မရှိတဲ့မျက်နှာက ရှက်နေလိုက်တာ၊ နင် ရှက်တယ်ဆိုတာက မရိုးလို့ပဲ"

"ဘာဆိုင်လို့လဲ၊ ရှက်တာက ရှက်တာပဲပေါ့၊ ကြားသွားရင် ဘယ်ကောင်းမလဲ၊ ငါ ကိုလတ်မျက်နှာကို ဘယ်လိုကြည့်ရမလဲ၊ ပြီးတော့ ကိုလတ်တို့၊ ကိုအောင်တို့ဆိုတာ ပါးလိုက်တာမှ လှစ်နေတာပဲ၊ သိသွားရင် ငါ့မျက်နှာ ဘယ်သွားထားရမလဲ"

"ကိုလတ်ရင်ခွင်ထဲ ထားလိုက်ပေါ့"

"သေပါလား"

အောင်က အဟုတ်တကယ် စိတ်ဆိုးလာပြန်သည်။

ချောစုကလည်း အောင်မကြိုက်တာကိုပဲ တမင်နောက်ပြောင်သည်။

အောင်က မြန်မာဝတ္ထုတချို့မှ ဇာတ်လိုက်မင်းသမီးတွေ၊ ဇာတ်လိုက်မင်းသား ရင်ခွင်ကျယ်ကြီးမှာ ဆိုလား၊ ခေါင်းစိုက်ပြီး တဟင်းဟင်းငိုနေတာတွေကို ရေးတာလောက် မုန်းတာမရှိဘူးတဲ့။

"ငါ သိပ်ရွံတာပဲဟာ၊ ဝတ္ထုထဲက ကောင်မလေးတွေကလည်း အိညက်အိညက်နဲ့၊ အလကားနေရင်း အားငယ်နေတာပဲ၊ ဇာတ်လိုက်မင်းသား၊ ရင်ဘတ်ကျယ်ကြီးကို ဖွဲ့နေတာတခမ်းတနား၊ အမျိုးသမီးစာရေးဆရာတွေတောင်ပါသေး ထွီ၊ ငါ ၁၂ နှစ်သမီးတုန်းက အဲဒီလိုဝတ္ထုမျိုးတွေဖတ်ပြီး အရွယ်ရောက်လာလို့ ငါများယောကျ်ားယူရင် ယောကျ်ားပိန်ပိန်လေးယူမယ်၊ ဖိုးသမားကိုတောင် ယူမယ်ပြောတာ၊ ငါ သိပ်ရယ်စရာကောင်းတာပဲ၊ အတွေးပေါက်တာလားတော့မသိဘူး" အောင်က ပြောဖူးသေးသည်။

ဒါကြောင့် ကိုလတ်ကို ကြိုက်တာလား မသိဘူးဟု ချောစုက နောက်သည်။

ကိုလတ်က ပိန်တယ်။

ဒါပေမဲ့ ပခုံးကျယ်လို့ ယောကျ်ားပီသပါတယ်။

ကိုအောင်လည်း ကိုလတ်နှင့် ကိုယ်လုံးကိုယ်ပေါက်ချင်းဆင်တယ်။

တကယ်လို့များ ကိုလတ်က အောင့်ကို မချစ်ဘဲနှင့် ချောစုကိုများချစ်နေလျှင် ကိုအောင့်ကို ယူဖြစ်အောင်ယူပါဟု ချောစုက အောင့်ကို တိုက်တိုက်တွန်းတွန်းပြောရင်း နောက်ပြန်သည်။

"ကိုလတ်နှင့် ကိုအောင်တို့သည် စောင်းလျားပင်အောက်၌ ကုလားထိုင်တစ်လုံးစီတွင် စိမ်ပြေနပြေထိုင်ရင်း ဆေးလိပ်များဖွာရှိုက်နေကြသည်။

အဆောင်ပြတင်းကြားမှ အသာချောင်းကြည့်နေကြသော မိန်းကလေးတချို့ကိုလည်းဂရုမထား။

နည်းနည်းမှကြောက်ခြင်း၊ တွန့်ဆုတ်ခြင်းမရှိ။

ခပ်တည်တည်နှင့် ရယ်ရယ်မောမောစကားထိုင်ပြောနေကြသည်. . ."

"ဟင်. . . မမစံ တကယ်ပြောတာလား"

ချောစုက ဝမ်းနည်းသလို ငိုပြနေသည်။

"အို. . . တို့အားလုံး အပျိုကြီးတွေဖြစ်မှာပဲ၊ ဘယ်သူမှ ယောကျ်ားမယူကြေးဟော့၊ ရည်းစားတော့ ထားချင်ထား၊ ယောကျ်ားမယူရဘူး၊ အပျိုကြီးပါတီ၊ မြန်မာပြည်ပဲ"

အောင်က တစ်ချက်လွှတ်အမိန့်တော်ထုတ်ပြန်လေသည်။

ဆန်းဆန်းမြင့်က သည်တော့ ခါးထောက်ကာ အောင်တို့အားကြည့်ရင်း. . .

"နေစမ်းပါဦး၊ မင်းတို့အပျိုကြီးမလုပ်လည်း ဘယ်သူက နင်တို့ကို ကြိုက်မှာမို့လဲ၊ မမစံ ကန်တော့နော်"

"အေး. . . ဒါလည်းဟုတ်တာပဲ၊ ငါတို့ကုသိုလ်ပေါ့ဟယ်"

ချောစုက မျက်နှာငယ်လေးနှင့် အားငယ်သလို ပြောလိုက်လေသည်။

"မကမြင်းတတ်လို့ပါဟယ်၊ ကမြင်းတတ်ရင် ယောကျ်ားမရှားပါဘူး"

ဆန်းဆန်းမြင့်က ပယ်ပယ်နယ်နယ်ပြောနေသေးသည်။

"အေးဟဲ့. . . တို့ အရင်အဆောင်တုန်းက ညို ခြောက်ခြောက်ကောင်မလေးတစ်ယောက်များ စာမေးပွဲလည်း တဖုန်းဖုန်းကျ၊ အကျင့်ကလည်း အသက်နဲ့ ရည်းစားနဲ့အမျှ၊ တစ်လောက လင်ရသွားတာ မတွေ့ဘူးလား"

အောင်ကပြောတော့. . .

"ဟဲ့. . . သူက အပျိုမဟုတ်ဘူး၊ သူတို့မြို့မှာ ယောကျ်ားရပြီးသားတဲ့၊ ကလေးတောင်ရပြီးပြီတဲ့"

ချောစုအပြောတွင် သူတို့သုံးယောက် ခေါင်းတွေမှာ ဆိုင်လာကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

ကျောက်ဆည်၊ လူမှုရေး

## ကျောက်ဆည်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေး အ သုံးလုံး သင်တန်းဖွင့်လှစ်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် နမူနာနည်းလမ်းကောင်းများ ရှာဖွေဖော်ထုတ်ရန်နှင့် ဒေသ၏အခြေခံစာတတ်မြောက်နှုန်းတိုးတက်လာစေရန် ရည်ရွယ်၍ ဧပြီလ ၆ ရက်က အခြေခံစာတတ်မြောက်ရေး အ သုံးလုံးသင်တန်းကို ဖွင့်လှစ်သည်။

ယင်းသင်တန်းသို့ ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးအေးလင်းနှင့်တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၃၄ ဦး စုစုပေါင်း ၅၂ ဦးတက်ရောက်ခဲ့ပြီး သင်တန်းဆရာ၊ ဆရာမငါးဦး၊ ဒေသခံလုပ်အားပေးနည်းပြခြောက်ဦး စုစုပေါင်း ၁၁ ဦးဖြင့် စနစ်တကျသင်ကြားလျက်ရှိကာ သင်တန်းကို ဧပြီလ ၆ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

---

မိတ္ထီလာ၊ စာပေရေးရာ

## မိတ္ထီလာမြို့နယ်၌ အခြေခံကဗျာရေးစပ်နည်း လမ်းညွှန်သင်တန်းဆင်းပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကဗျာရေးစပ်နည်းလမ်းညွှန်သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စာပဒေသာဝေဆာစေမည် ဗီဒီယိုကလစ်ပြသခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ယင်းနောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် တာဝန်ရှိသူများက ကဗျာရေးစပ်ပြိုင်ပွဲတွင် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကဗျာရေးစပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ကဗျာကို သင်တန်းသူဆရာမ ကဗျာသံဇဉ်က ရွတ်ဆိုခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းနာယက စာရေးဆရာဘိုမျိုး (ရွှေဘို) က သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်နှင့် အသင်းဝင်များ၊ မိတ္ထီလာခရိုင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၆၀၂)**

ရန်ကုန်၊ သက်မွေးပညာ

## ယခုဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း ၅၈၅ ကြိမ်အထိ ဖွင့်လှစ်သင်ကြားနိုင်ရန်စီစဉ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတစ်ဝန်း၌ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း ၅၈၅ ကြိမ်အထိ ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်ထားကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်၏ပြောကြားချက်အရ သိရသည်။


အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ နေပြည်တော် အပါအဝင် ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါး ရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်း ၅၃၈ ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ၅၈၅ ကြိမ်အထိ ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

“လက်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူးပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွင့်လှစ်ပို့ချတဲ့ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းအမျိုးအစားပေါင်း ၂၉ မျိုးရှိပါတယ်။ အဲဒီသင်တန်းတွေထဲမှာ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ အခြေခံလျှပ်စစ်သွယ်တန်းမှုသင်တန်း၊ အခြေခံသံဂဟေဆက်သင်တန်း စတဲ့ဒေသခံတွေစိတ်ဝင်စားတဲ့ သင်တန်းတွေ ပါဝင်ပါတယ်” ဟု ဒေါ်ရီရီလှိုင်ကပြောသည်။

ထိုသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ နိုင်ငံတစ်ဝန်း၌ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများ စီစဉ်ဖွင့်လှစ်ပေးနေသည့်အပြင် ပြီးခဲ့သည့်ဘဏ္ဍာနှစ်မှစပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၁၅၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**




တံတားဦး၊ စိုက်ပျိုးစီးပွား

## တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသောမေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသောမေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းကာ ဈေးကောင်းရရှိကြောင်း ဇီးပင်ကွေ့ကျေးရွာမှ မေမြို့ပန်းစိုက်ပျိုးသူများ၏ ပြောပြချက်အရ သိရသည်။

ဇီးပင်ကွေ့ကျေးရွာ၌ စားဖိုဆောင်သီးနှံများအပြင် မေမြို့ပန်းနှင့် အောင်သပြေပန်းတို့ကိုပါ စမ်းသပ်စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းပြီး လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။

မေမြို့ပန်းသည် မြေပွ၌ သဲ၊ နုန်းဆန်သောမြေဆီလွှာကို ပိုမိုနှစ်သက်ပြီး အထွက်နှုန်းလည်းကောင်းမွန်သဖြင့် ယခုနှစ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများလာကြောင်း၊ ထို့ပြင် ပန်းဈေးကွက်မှာလည်း ယခင်နှစ်ကထက် ပိုမိုကောင်းမွန်ပြီး ဆယ်ပွင့်ပါပန်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ အထိ ဈေးကောင်းရရှိနေသောကြောင့် ပန်းစိုက်တောင်သူများ အဆင်ပြေကြောင်း သိရသည်။

ယခုအခါ နေအလွန်ပူပြင်းသဖြင့် အဖူး၊ အပွင့်များ နေမလောင်စေရန် အထူးဂရုပြုရကြောင်း၊ အပူချိန်ပြင်းချိန်တွင် ရေမလောင်းရဘဲ ညနေခင်း နေအေးချိန်မှသာ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ ပိုးကောင်လေးများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းများဆောင်ရွက်ရကြောင်း၊ မေမြို့ပန်းများကို ဖောက်သည်များက စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

**ရဲတင့်(မြန်/ဆက်)**

မြိတ်၊ လူမှုရေး

## မြိတ်မြို့နယ်၌ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်၌ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် ဧပြီလ ၆ ရက်က ရပ်ကွက်/ကျေးရွာ ၁၀ နေရာ၌ စာသင်ဝိုင်းများဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများ၊ လူဦးရေနှင့် သန်းခေါင်စာရင်းအရ စာမတတ်သူ ကျေးလက်နေပြည်သူများ စာတတ်မြောက်ရေး၊ တိုင်းရင်းသားပြည်သူများ လူမှုဘဝမြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရန်နှင့် တာဝန်သိ နိုင်ငံသားကောင်းဆိုင်ရာ အခြေခံ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

အခြေခံစာတတ်မြောက်ရေးအစီအစဉ်သည် အသက် ၁၅ နှစ်နှင့်အထက် လူငယ်များနှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူများအား အရေး၊ အဖတ်၊ အတွက် ပညာသင်ကြားခြင်းနှင့်အတူ စာသင်သားတစ်ဦးချင်းစီ၏ လူမှုဘဝမြင့်မားရေးအတွက် အသိပညာများဖြန့်ဝေပေးသည့်အစီအစဉ်ဖြစ်ပြီး အခြေခံစာတတ်မြောက်ရေးအတွက် ဧပြီလ ၆ ရက်မှ မေလ ၁၅ ရက်အထိ တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီကြာ သင်ကြားပေးလျက်ရှိသည်။

မြိတ်မြို့နယ်၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအဖြစ် စာသင်ဝိုင်း ၁၀ ဝိုင်းတွင် စာသင်သား ၁၀၀ ဦးအား အခြေခံမြန်မာစာသင်ခန်းစာများကို နည်းပြ ၁၆ ဦးနှင့် ကြီးကြပ်သူသုံးဦးက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **နိုင်ထူး(မြန်/ဆက်)**

မော်လမြိုင်၊ လူမှုရေး

## မော်လမြိုင်အသင်း(ရန်ကုန်)၏ (၁၀၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မော်လမြိုင်အသင်း(ရန်ကုန်)၏ (၁၀၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီလ ၇ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် မော်လမြိုင်ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဆန်းဦးနှင့် အသင်းသား၊ အသင်းသူများ၊ ကန်တော့ခံအဘိုး၊ အဘွားများနှင့် ပညာရည်ချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်လမြိုင်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးဆန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် အသင်းသား၊ အသင်းသူများက သက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ယင်းနောက် ကန်တော့ခံအဘိုး ဦးစိန်ရက မေတ္တာပို့ဆုတောင်းစကားပြောကြားပြီး အလှူရှင်ဒေါ်ခင်သန်းနွဲ့(ပိုင်ဆောက်လုပ်ရေး) မိသားစုနှင့် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းမိသားစုတို့က အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းနှင့် အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ နှစ်ပတ်လည်အစည်းအဝေးအတွက် ငွေကျပ် တစ်သိန်းနှင့်အထက်လှူဒါန်းသည့် အလှူရှင်များစာရင်းကိုကြေညာပြီး တာဝန်ရှိသူများက ငွေကျပ်သုံးသိန်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ငွေကျပ် သိန်း ၃၀ နှင့်အထက် (ရာသက်ပန်)အလှူရှင်များအား သာဓုအနုမောဒနာဂုဏ်ပြုလွှာပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား တာဝန်ရှိသူများက ထပ်ဆင့်ဂုဏ်ပြုလွှာပေးအပ်ပြီး အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများကို ဆုများအသီးသီး ပေးအပ်ကြောင်း သိရသည်။

**လင်းခန့်**

ပုံစံ(၄-ဂ)

တံဆိပ်

ရက်စွဲ၊ - -

**ပြည်သူ့စစ်မှုထမ်းရန် ဥပဒေပုဒ်မ ၁၅ အရ ယာယီရွှေ့ဆိုင်းခွင့် အကျုံးဝင်သူများ မှတ်ပုံတင်စာရင်း**

-------------မြို့နယ်၊---------------------ခရိုင်၊ -------------နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (ရက်-လ-ခုနှစ်) | အသက် | ကျား/မ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | နိုင်/ဧည့်/(ပြု) ကတ်အမှတ် | လက်ရှိ နေရပ် | အလုပ်အကိုင် | ပညာ အရည်အချင်း | အိမ်ထောင် ရှိ/မရှိ | သားသမီး ရှိ/မရှိ | အတူနေ မိဘဖအို ရှိ/မရှိ | ဆက်သွယ်ရန် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

**မှတ်ချက်။** (၁) အသက်ကိုရေးသွင်းရာတွင် -------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည့်မြောက်ခဲ့သည့် အသက်ကို ရေးသွင်းရန်။

(၂) မှတ်ပုံတင်စာရင်းရေးသွင်းသည့်ပုံစံ(၃)တွင် မှတ်ပုံတင်စာရင်းသွင်းသူက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရန်ဆင့်ခေါ်ခြင်းခံရပါက ဦးစားပေးတာဝန်ထမ်းဆောင်ခွင့်ရရန် ဆန္ဒ ပြု/မပြု ဆိုသည့်ရေးသွင်းချက်အား မှတ်ချက်တွင်ဖြည့်သွင်းရန်။

**ရှင်းလင်းချက်။** (၁) ပညာသင်ကြားနေသူများဆိုသည်မှာ တရားဝင် အသိအမှတ်ပြုထားသော ပြည်တွင်း၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြားနေကြောင်း ခိုင်လုံသော အထောက်အထားတင်ပြနိုင်သူများကို ဆိုသည်။

(၂) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော အတူနေ အမိအရင်း သို့မဟုတ် အဖအရင်းတို့ကို ပြုစုစောင့်ရှောက်နေရသူများကို ဆိုသည်။

(၃) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ ဆိုသည်မှာ မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန၊ ဂေဟာ သို့မဟုတ် အစိုးရက အသိအမှတ်ပြု ဆေးကုသဌာန၊ ဂေဟာတွင် မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများကို ဆိုသည်။

ဥက္ကဋ္ဌ

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

ပုံစံ(၄-ဃ)

တံဆိပ်

ရက်စွဲ၊ - -

**ပြည်သူ့စစ်မှုထမ်းရန် ဥပဒေပုဒ်မ ၂၂ အရ ကင်းလွတ်ခွင့် အကျုံးဝင်သူများ မှတ်ပုံတင်စာရင်း**

-------------မြို့နယ်၊---------------------ခရိုင်၊ -------------နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (ရက်-လ-ခုနှစ်) | အသက် | ကျား/မ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | နိုင်/ဧည့်/(ပြု) ကတ်အမှတ် | လက်ရှိ နေရပ် | အလုပ်အကိုင် | ပညာ အရည်အချင်း | အိမ်ထောင် ရှိ/မရှိ | သားသမီး ရှိ/မရှိ | အတူနေ မိဘဖအို ရှိ/မရှိ | ဆက်သွယ်ရန် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

**မှတ်ချက်။** (၁) အသက်ကိုရေးသွင်းရာတွင် -------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည့်မြောက်ခဲ့သည့် အသက်ကို ရေးသွင်းရန်။

(၂) မှတ်ပုံတင်စာရင်းရေးသွင်းသည့်ပုံစံ(၃)တွင် မှတ်ပုံတင်စာရင်းသွင်းသူက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ရန်ဆင့်ခေါ်ခြင်းခံရပါက ဦးစားပေးတာဝန်ထမ်းဆောင်ခွင့်ရရန် ဆန္ဒ ပြု/မပြု ဆိုသည့်ရေးသွင်းချက်အား မှတ်ချက်တွင်ဖြည့်သွင်းရန်။

**ရှင်းလင်းချက်။** (၁) ပညာသင်ကြားနေသူများဆိုသည်မှာ တရားဝင် အသိအမှတ်ပြုထားသော ပြည်တွင်း၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပညာသင်ကြားနေကြောင်း ခိုင်လုံသော အထောက်အထားတင်ပြနိုင်သူများကို ဆိုသည်။

(၂) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူ၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသော အတူနေ အမိအရင်း သို့မဟုတ် အဖအရင်းတို့ကို ပြုစုစောင့်ရှောက်နေရသူများကို ဆိုသည်။

(၃) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ ဆိုသည်မှာ မူးယစ်ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့်ဌာန၊ ဂေဟာ သို့မဟုတ် အစိုးရက အသိအမှတ်ပြု ဆေးကုသဌာန၊ ဂေဟာတွင် မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများကို ဆိုသည်။

ဥက္ကဋ္ဌ

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

ပုံစံ(၅)

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းသူကိုထုတ်ပေးရန် မှတ်ပုံတင်လက်မှတ်**

မှတ်ပုံတင်အမှတ်စဉ်၊

**မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့**

**-----------------မြို့နယ်**

၁။ အမည်၊---------------- အဘအမည်၊------------------ နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ------------------ နေရပ်၊--------------------- သည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် အသက်အရွယ်ပြည့်မြောက်ပြီးသူဖြစ်ကြောင်း မှတ်ပုံတင်စာရင်းသွင်းပြီးဖြစ်၍ ဤမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

၂။ ဤမှတ်ပုံတင်လက်မှတ်အား သက်ဆိုင်ရာမှ စစ်ဆေးသည့်အခါ ပြသရမည်။

၃။ ဤမှတ်ပုံတင်လက်မှတ်ကို မပျောက်ပျက်အောင် ထိန်းသိမ်းထားရမည်။

တံဆိပ်

ဥက္ကဋ္ဌ

ထုတ်ပေးသည့်ရက်စွဲ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

(တံဆိပ်တုံးများကို လုံခြုံမှုအဆင့်ရှိစွာပြုလုပ်ရန်၊ အတုအပမပြုနိုင်အောင် ရေစာများထည့်သွင်းရန်၊ လိုအပ်ပါ က code များထည့်သွင်းထားရန်)

ပုံစံ(၆)

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသူအား ဆေးစစ်ရန်ဆင့်ခေါ်စာ**

**မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့**

**-----------------မြို့နယ်**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **ဆေးစစ်ဆေးရန်ဆင့်ခေါ်ခြင်း**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန်အသက်အရွယ်ပြည့်မြောက်ပြီးသူအဖြစ် စာရင်းသွင်းမှတ်ပုံတင်ပြီးဖြစ်၍ မှတ်ပုံတင်လက်မှတ် လက်ဝယ်ရရှိထားသူအမည်၊--------------- အဘအမည်၊----------- နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ------------- -------------နေရပ်၊ -------------------သည် တပ်မတော်ဆေးစစ်ဆေးရေးဘုတ် အဖွဲ့ဖြင့် ဆေးစစ်ဆေးမှု ခံယူရန်အတွက် ----------- ရက်နေ့တွင် ---------------နေရာသို့ မပျက်မကွက် သတင်းပို့ရမည်။ သတင်းပို့သည့်အခါ နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသား(ပြု) စိစစ်ရေးကတ်နှင့် စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ် စာရင်းသွင်းထားသည့် မှတ်ပုံတင်လက်မှတ် တို့အား မပျက်မကွက် ယူဆောင်လာရမည်။

၂။ သတင်းပို့ရန်ပျက်ကွက်ပါက ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဥက္ကဋ္ဌ

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

➢ **စာမျက်နှာ ၇ မှအဆက်**

- ဉာဏ်အရည်အသွေးမမီတာနဲ့ အကျင့်စာရိတ္တပျက်ပြားတာတွေကြောင့် စစ်မှုထမ်းဖို့ မသင့်လျော်သူတွေ၊
- ဆေးစစ်ဆေးမှုသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူ၊ စိတ်ပေါ့သွပ်သူလို့ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ခြင်းခံရသူတွေ၊
- နိုင်ငံအတွက်တာဝန်ထမ်းဆောင်နေပြီး အစားထိုးဖို့မဖြစ်နိုင်သေးတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊
- တိုက်ပွဲမှာကျဆုံးခဲ့တဲ့ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်အဖွဲ့ဝင်တွေရဲ့ သားသမီးအရင်းအချာတွေ၊
- အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲတွေမှာ နိုင်ငံ့ဂုဏ်ဆောင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်တစ်ခုခုရရှိထားတဲ့ အားကစားသမားတွေ၊
- နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေပြီး တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နဲ့အထက်ရှိတဲ့ ဆရာဝန်နဲ့သူနာပြုတွေ၊
- တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နဲ့အထက်ရှိတဲ့ တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းတွေ၊
- ကင်းလွတ်ခွင့်ပြုဖို့ မဖြစ်မနေလိုအပ်နေသူတွေအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူတွေပဲဖြစ်ပါတယ်။

စစ်မှုထမ်းရမယ့်ကာလအပိုင်းအခြားကိုလျှော့ပေါ့ပေးဖို့ လျှောက်ထားမယ်ဆိုရင်တော့ ပုံစံ(၇-ခ)နဲ့လျှောက်ထားရမှာဖြစ်ပါတယ်။ ကာလအပိုင်းအခြား **လျှော့ပေါ့ပေးတာနဲ့ပတ်သက်လို့ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားတဲ့အချက်တွေ**ကတော့-

- လျှောက်ထားသူရဲ့မိဘနှစ်ပါးစလုံးဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ရင်၊ သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ရင် လျှောက်ထားသူကို ဥပဒေအရထမ်းဆောင်ရမယ့်ကာလရဲ့တစ်ဝက်ကို လျှော့ပေါ့ပေးနိုင်ခြင်း၊
- လျှောက်ထားသူရဲ့ မိဘနှစ်ပါးအနက် တစ်ဦးဦးဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ရင်၊ သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ရင် လျှောက်ထားသူကို ဥပဒေအရထမ်းဆောင်ရမယ့်ကာလရဲ့ သုံးပုံတစ်ပုံကို လျှော့ပေါ့ပေးနိုင်ခြင်း၊
- ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ တာဝန်ထမ်းဆောင်နေတဲ့ကာလအတွင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့မယ်ဆိုရင် ထိခိုက်ဒဏ်ရာရရှိတဲ့နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ဖို့ ကျန်ရှိနေတဲ့ကာလကို လျှော့ပေါ့ပေးနိုင်ခြင်းဆိုတဲ့အချက်တွေပဲဖြစ်ပါတယ်။

သီးခြားဖော်ပြထားတဲ့ ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းပေးဖို့ လျှောက်ထားမယ်ဆိုရင်တော့ ပုံစံ(၇-ဂ)နဲ့လျှောက်ထားရမှာဖြစ်ပါတယ်။ **ပြည်သူ့စစ်မှုထမ်းရမယ့်တာဝန်ကနေ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူတွေ**ကတော့-

- ယာယီအားဖြင့် စစ်မှုထမ်းနိုင်မယ့် ကျန်းမာရေးအဆင့်မမီကြောင်း တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ရဲ့ထောက်ခံချက်ရရှိထားသူတွေ၊
- နိုင်ငံ့ဝန်ထမ်းတွေ၊
- ပညာသင်ကြားနေသူတွေ၊ (ပညာသင်ကြားနေသူတွေလို့ဆိုတဲ့အခါမှာ တရားဝင်အသိအမှတ်ပြုထားတဲ့ ပြည်တွင်း၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ကျောင်းတွေမှာ ပညာသင်ကြားနေတယ်ဆိုတာ ခိုင်လုံတဲ့အထောက်အထားတင်ပြနိုင်သူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- အခြားပြုစုစောင့်ရှောက်မယ့်သူမရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ (အခြားပြုစုစောင့်ရှောက်မယ့်သူမရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေဆိုတာကတော့ ရုပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာချို့တဲ့ပြီး တစ်ပါးသူရဲ့ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ဖို့မဖြစ်နိုင်တဲ့ အတူနေ အမိအရင်း၊ အဖအရင်းတွေကို ပြုစုစောင့်ရှောက်နေရသူတွေကိုဆိုလိုတာပဲဖြစ်ပါတယ်)၊
- မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေ၊ (မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေဆိုတာကတော့ မူးယစ်ဆေးဝါးသုံးစွဲသူဟာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်တဲ့ဌာန၊ ဂေဟာ ဒါမှမဟုတ် အစိုးရက အသိအမှတ်ပြုဆေးကုသဌာန၊ ဂေဟာမှာ မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- ထောင်ဒဏ်ကျခံနေသူတွေပဲ ဖြစ်ပါတယ်။

ကာလအပိုင်းအခြားတစ်ခုအထိ **ရွှေ့ဆိုင်းပေးတာနဲ့ပတ်သက်လို့ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားတဲ့အချက်တွေ**ကတော့-

- ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတိုင်း သတင်းပို့တာမလုပ်ရသေးမီကာလအတွင်း မိဘတစ်ဦးဦးဖြစ်စေ၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးဖြစ်စေ ရုတ်တရက်သေဆုံးသွားခြင်း၊
- ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတိုင်း သတင်းပို့တာမလုပ်ရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူရဲ့ပယောဂကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း၊

**စာမျက်နှာ ၉ သို့** ➢

ပုံစံ(၁၀)

**ပြည်သူ့စစ်မှုထမ်းမှ အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်လျှောက်လွှာ**

၁။ ကိုယ်ပိုင်အမှတ်၊------------------ အဆင့်၊ ------------------ အမည်၊-------

၂။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ --------------------

၃။ လက်ရှိတာဝန်ထမ်းဆောင်သည့်တပ်၊--------------------------------------

၄။ အဘအမည်၊--------------------------------------

၅။ အမိအမည်၊--------------------------------------

၆။ လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ --------------------------------------

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်-

(က) အဆင့်/ရာထူး၊ --------------------------------------

(ခ) ဝန်ကြီးဌာန/အဖွဲ့အစည်း၊ --------------------------------------

(ဂ) ဝန်ကြီးဌာန/အဖွဲ့အစည်းလိပ်စာ၊--------------------------------------

(ဃ) ဝန်ကြီးဌာန/အဖွဲ့အစည်းက ခွင့်ပြု/မပြု ၊--------------------------------------

၈။ ကျွန်တော်/ကျွန်မသည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ - - ရက်နေ့မှစ၍ စစ်မှုထမ်းဆောင်ခဲ့ပြီး - - ရက်နေ့တွင် သတ်မှတ်ကာလပြည့်မြောက်မည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအနေဖြင့် တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

ရက်စွဲ၊ - - ။ (လျှောက်ထားသူလက်မှတ်)

**ထပ်ဆင့်ထောက်ခံချက်**

၉။ ထောက်ခံပါသည်/မထောက်ခံပါ။

---

၂

တပ်မှူး/တပ်ရင်းမှူး

ရက်စွဲ၊ - - ။ အမှတ်( )တပ်/ခြေလျင်/ခြေမြန်တပ်ရင်း

**ဝန်ကြီးဌာန/အဖွဲ့အစည်း အကြီးအကဲ၏ သဘောတူကြောင်းထောက်ခံချက်**

-------------------- မှ ဦး/ဒေါ်--------------------၊ အဘအမည်------------ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ -------------------- သည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်လျက်ရှိရာ သတ်မှတ် ကာလမှာ - - ရက်နေ့တွင်ပြည့်မြောက်မည်ဖြစ်သော်လည်း အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လို၍ လျှောက်ထားမှုအပေါ် သဘောတူခွင့်ပြုပါသည်။

လက်မှတ်၊--------------------

အဆင့်/ရာထူး၊--------------------

အမည်၊--------------------

ရုံး/ဌာန၊--------------------

ရက်စွဲ၊--------------------

---



ပုံစံ(၁၂)

**ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်**

၁။ ကိုယ်ပိုင်အမှတ် ၊ --------------------

၂။ အဆင့် ၊ --------------------

၃။ အမည် ၊ --------------------

၄။ ထမ်းဆောင်ခဲ့သည့်တပ် ၊ --------------------

၅။ အဘအမည် ၊ --------------------

၆။ မွေးသက္ကရာဇ် ၊ --------------------

၇။ အသက် ၊ --------------------

၈။ ကျား/မ ၊ --------------------

၉။ လူမျိုး/ကိုးကွယ်သည့်ဘာသာ ၊ --------------------

၁၀။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ --------------------

၁၁။ နေရပ် ၊ --------------------

၁၂။ ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ --------------------

၁၃။ ပြည်သူ့စစ်မှုထမ်းခဲ့သည့်ကာလ ၊ --------------------မှ--------------------ထိ

တပ်/ဌာနတံဆိပ်

ထုတ်ပေးသည့်ရက်စွဲ ထုတ်ပေးသူလက်မှတ်

(တံဆိပ်တုံးများကို လုံခြုံမှုအဆင့်ရှိစွာပြုလုပ်ရန်၊ အတုအပမပြုနိုင်အောင် ရေစာများထည့်သွင်းရန်၊ လိုအပ်ပါက code များထည့်သွင်းထားရန်)

---

➢ **စာမျက်နှာ ၉ မှအဆက်**

ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းတွေ အပြီးသတ်ဆောင်ရွက်ပြီးရင် ပြည်သူ့စစ်မှုထမ်းဖို့ အမိန့်စာဆင့်ခေါ်ရမယ့် လူစာရင်းကို သက်ဆိုင်ရာမြို့နယ်အဖွဲ့ကို ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်။ မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့က ပေးပို့တဲ့စာရင်းမှာပါတဲ့သူတွေကို သတင်းပို့ရမယ့် တပ်/ဌာနကို သတ်မှတ်ပေးပြီး သတင်းပို့ဖို့ ပုံစံ(၁၀)နဲ့ အမိန့်စာပေးပို့ရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ စစ်မှုထမ်းဆောင်နေတဲ့ကာလအတွင်း ၎င်းရဲ့တာဝန်ထမ်းဆောင်တဲ့အဆင့်အလိုက် တပ်မတော်မှာ သတ်မှတ်ထားတဲ့ စစ်မှုထမ်းစည်းမျဉ်းနဲ့အညီ လစာနဲ့စရိတ်ကို ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ ကျဆုံးခြင်း၊ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းတွေရှိခဲ့မယ်ဆိုရင်လည်း သတ်မှတ်ချက်တွေနဲ့အညီ အကျိုးခံစားခွင့်တွေကို ရရှိမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးဟာ ဥပဒေအရ သတ်မှတ်ကာလပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ပြီးလို့ မိမိသဘောဆန္ဒအလျောက် တပ်မတော်မှာဆက်ပြီးအမှုထမ်းဆောင်လိုတယ်ဆိုရင် သတ်မှတ်တဲ့ စစ်မှုထမ်းကာလမပြည့်မီ သုံးလကြိုတင်ပြီး သတ်မှတ်ချက်တွေနဲ့အညီ ပုံစံ(၁၁)နဲ့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းရဲ့သဘောတူညီချက်နဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းရဲ့ခံစားခွင့်တွေနဲ့ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နဲ့ ညှိနှိုင်းသတ်မှတ်ပေးမှာဖြစ်ပါတယ်။ အလုပ်သမားတစ်ဦးအတွက်ဆိုရင်လည်း သက်ဆိုင်ရာအလုပ်ရှင်အနေနဲ့ သက်ဆိုင်ရာဥပဒေက သတ်မှတ်ပေးထားတဲ့ခံစားခွင့်ကိုရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးတဲ့ အလုပ်သမားကို မူလအလုပ်အကိုင်ပြန်လည်ရရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ ဥပဒေအရ သတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးတဲ့အခါမှာတော့ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးမြောက်ကြောင်း လက်မှတ်ကို ပုံစံ(၁၂)နဲ့ ထုတ်ပေးမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့သူဟာ နိုင်ငံတော်ရဲ့ထိုက်သင့်တဲ့ ချီးမြှင့်မှုကို ခံစားခွင့်ရရှိနိုင်မှာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။ ။

---

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နေပြည်တော် ဧပြီ ၇

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၃၁၄၁၅ ပါး/ဦးအနက် ၂၅၆၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၇၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**
၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၇-၄-၂၀၂၄

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၇၆၇၇ | ၆၂၉၄ | ၁၃၈၃ | ၈၁. ၉၈ |
| ၂။ | ပထမလတ် | ၈၂၅၇ | ၆၆၇၇ | ၁၅၈၀ | ၈၀. ၈၆ |
| ၃။ | ပထမငယ် | ၁၅၄၈၁ | ၁၂၇၁၂ | ၂၇၆၉ | ၈၂. ၁၁ |
| | **စုစုပေါင်း** | **၃၁၄၁၅** | **၂၅၆၈၃** | **၅၇၃၂** | **၈၁. ၇၅** |

နေပြည်တော် ဧပြီ ၇

# ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေပေးဝေနေမှု ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော် ကြည့်ရှုစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဧပြီလ ၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဝက်လှကြီး ကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာမြေအဆင့်မြှင့်တင်ခြင်း ဧက ၄၀ ၌ စိုက်ပျိုးထားရှိသော နွေစပါးမျိုးသန့်မျိုးပွား စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိမိတို့ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးများ ရွေးချယ်၍ သီးထပ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ဆင်ဂေါင်းအုပ်စုလင်းလွန်းပင်ကျေးရွာရှိ စဉ်ဆက်မပြတ် ဟင်းသီးဟင်းရွက် ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းများအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ဂမုန်းချောင်းမှရေသွယ်မြောင်းတူးဖော်ပေးခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးဆွေးနွေးပြီး ဒုတိယဝန်ကြီးက တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ စိုက်ပျိုးမြေဧကပိုမိုပေးဝေနိုင်စေရန် အလေအလွင့်နည်းပြီး ချွေတာသုံးစွဲနိုင်သည့် ရေဖျန်းစနစ်၊ ရေအစက်ချစနစ်များအသုံးပြုရန်၊ စိုက်ပျိုးထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ အရည်အသွေးကောင်းမွန်ရေးနှင့် အထွက်တိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာရှိ အမှတ်(၄၅)စက်မှုလယ်ယာစခန်းမှ ပဲခူးတိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် စက်မှုလယ်ယာစနစ်ကျလယ်မြေ ၉၈ ဧကဖော်ထုတ်၍ နွေစပါးစိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူများက ကွင်းအမှတ် ၂၆၀ အတွင်းရှိ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက တောင်ညိုဆည် BDY(3) Level Crossing မှ ကွင်းအမှတ် ၂၅၉၊ ၂၆၀ စံပြစိုက်ကွင်းနှင့် ဦးညက်လှ ရေတံခါး၊ ပန်းတင်ကြီးရေတံခါးများသို့ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဆည်ရေသောက်မှ ကျဆင်းလာသည့် ရေများကို ရေတံခါးများနှင့်တစ်ဆင့် ပြန်လည်အသုံးပြုစိုက်ပျိုးသည့် နွေစပါးအပါအဝင် အခြားသီးနှံများ၏ စိုက်ပျိုးဧကစာရင်းများကို မှတ်တမ်းပြုစုကောက်ယူကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး စနစ်တကျလယ်မြေအတွင်းရှိ ရေသွင်း၊ ရေထုတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စုရှိ နတ်မော်လျှပ်စစ်ရေတင် ရေသောက်ဧရိယာတွင် မျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးထားသော နွေစပါး ဧက ၁၀၀ စံပြကွက်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများနှင့်တွေ့ဆုံကာ ရေသွင်းရေခန်း စိုတစ်လှည့် ခြောက်တစ်လှည့်စိုက်ပျိုးနည်းစနစ်အသုံးပြုစိုက်ပျိုး၍ စိုက်ပျိုးရေကို စနစ်တကျသုံးကြရေး၊ ရေသောက်စနစ် စိုက်ဧကများတိုးတက်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)သင်တန်းသားများ ဆောင်ရွက်မှု ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုအားပေး

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီလ ၅ ရက် နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)သို့ရောက်ရှိပြီး ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖွင့်လှစ်လျက်ရှိသည့် သင်ကြား၊ သင်ယူမှုနှင့် လက်တွေ့ကျွမ်းကျင်မှုမွမ်းမံသင်တန်း၏ နောက်ဆုံးနေ့တွင် သင်တန်းသားများ၏ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနတွင် သင်တန်းသားများ၏ အဖွဲ့လိုက်ဆွေးနွေးတင်ပြမှုများနှင့် အီလက်ထရွန်နစ်အင်ဂျင်နီယာဌာနတွင် သင်တန်းသားများက ကွန်ပျူတာဒီဇိုင်းရေးဆွဲကာ တည်ဆောက်ထားသည့်ဆားကစ်များကို ကြည့်ရှုအားပေးကာ **လျှပ်စစ်သီအိုရီပိုင်းကျွမ်းကျင်ပိုင်နိုင်မှုကို လက်တွေ့ကျကျအသုံးချကာ ပြည်သူများ၏လူမှုစီးပွားဘဝများ သာယာဝပြောရေးအတွက် အထောက်အကူဖြစ်စေရေး ရည်ရွယ်ဆောင်ရွက်ရန်** မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အခြားအင်ဂျင်နီယာဌာနများရှိ အလုပ်ရုံများတွင် သင်တန်းသားများ၏တစ်ဦးချင်းနှင့်အဖွဲ့လိုက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ ဆောင်ရွက်လျက်ရှိသော သုတေသနများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် အဆိုပါသင်တန်း၏ သင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက်၍ **နိုင်ငံတော် GDP မြှင့်တင်နိုင်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး/မွေးမြူရေးမှ ဒေသထွက်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများနှင့် MSMEs ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် လိုအပ်သောကျွမ်းကျင်နည်းပညာရှင်များ စဉ်ဆက်မပြတ်ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ပျိုးထောင်ရာ၌ ဒေသတွင်းအခြားနိုင်ငံများမှ ပညာရှင်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်စေရေးနှင့် နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိစေရေးတို့အတွက် ဆရာ၊ ဆရာမများသည် နည်းပညာ အရည်အသွေးများ ပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ခေတ်မီနည်းပညာများကို စံနှုန်းများနှင့်အညီ လေ့ကျင့်ပေးနိုင်သည့် ရပ်ဝန်းကောင်းများကို ထိရောက်ပီပြင်စွာဖန်တီးပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း** တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်းများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး ဒုတိယဝန်ကြီးက ထူးချွန်သင်တန်းသားများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းဆင်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း)တွင် ၂၀၁၁ ခုနှစ်မှစတင်၍ ဌာနခုနစ်ခုမှ သင်ကြား၊ သင်ယူမှု၊ လက်တွေ့ကျွမ်းကျင်မှုနှင့် နည်းပညာစွမ်းရည်မြှင့်တင်ရေး သင်တန်း ၄၅ ခုကို ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းဆင်းဦးရေ ၉၆၃၅ ဦး အနက် ၂၀၂၁ ခုနှစ်မှ လက်ရှိကာလအထိ သင်တန်းဆင်းဦးရေ ၄၆၇၇ ဦး ရှိကြောင်း သိရသည်။**

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဧပြီလ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၇

# ရှမ်းပြည်နယ် တာချီလိတ်ခရိုင်နှင့် မြို့နယ်အတွင်းရှိ အားကစားကွင်း/ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး




အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် အားကစားခန်းမနှင့် ကြက်တောင်အားကစားခန်းမတို့ကို လည်းကောင်း၊ မြို့မအားကစားကွင်းနှင့် အားကစားကွင်းအတွင်းရှိ ပိုက်ကျော်ခြင်း/ ဘော်လီဘောအားကစားရုံ၊ လက်ဝှေ့ရုံရှိ (GYM) လေ့ကျင့်ရေးခန်းမနှင့် အလေးမ အားကစားရုံတို့ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်ရှိ ဘိလိယက်နှင့်စနူကာအားကစားခန်းမတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေးတို့အတွက်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ အားကစားနည်းအလိုက် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် နည်းပြနှင့်အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်နှင့် နယ်မြေဒေသအခြေအနေများအရ လုံခြုံရေးအထူးဂရုစိုက်ကြရန်လိုကြောင်း၊ အသိပညာဗဟုသုတများတိုးပွားစေရန် စာအုပ်စာပေများ လေ့လာဖတ်ရှုပြီး ပညာဝမ်းစာပြည့်အောင်အစဉ်အမြဲကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့အားပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးစားဆောင်ရွက်သွားရန်၊ နည်းပြများအနေဖြင့်လည်း မိမိတို့၏အရည်အသွေးများတိုးတက်စေရန်နှင့် ပြောင်းလဲလာသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို သိရှိအောင် အမြဲမပြတ်လေ့လာမှတ်သားပြီး မိမိကဲ့သို့ ထူးချွန်သည့်အားကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်သည့် နည်းပြကောင်းများဖြစ်အောင် ကြိုးစားသွားရန်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များ၊ အခက်အခဲများနှင့် အားကစားလေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန"အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- ညွှန်ကြားရေးမှူး(ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂/၀၆၇၃၄၁၂၃၇၁/၀၉၄၂၀၄၆၇၁၅
- ညွှန်ကြားရေးမှူး(ပြန်ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၁၆၄
- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန်/ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၇

# ပေါ်မူ-ထီးသိမ်-တောင်ကြီး ရထားလမ်းပိုင်းနှင့် တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းထိန်းသိမ်းမှုအခြေအနေများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ၂၀၂၄ ခုနှစ် ဧပြီလ ၄ ရက်မှ ၇ ရက်ထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ်(၄)မှ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ အဆင့်မြှင့်တင်ပြုပြင်ထားသည့် ရွှေညောင်-အေးသာယာ-ပေါ်မူ-တောင်ကြီး ရထားလမ်းပိုင်းရှိ ပေါ်မူ-ထီးသိမ်-တောင်ကြီး ရထားလမ်း ထိန်းသိမ်းမှုအခြေအနေ၊ တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့်တာပေါင်များ ထိန်းသိမ်းမှုအခြေအနေနှင့် ဘူတာများအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင်ပြုပြင်ထားသည့် ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းရှိ ပေါ်မူ-ထီးသိမ်-တောင်ကြီး အပိုင်းအား စစ်ဆေးခဲ့ပြီး အဆိုပါရထားလမ်းပိုင်းတွင် ကျောက်ဖြည့်တင်း၍ ကျောက်ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ ထီးသိမ် အဝိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဝိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့်မြက်ပင်များအား ရှင်သန်စေရေးဂရုစိုက်သွားရန်၊ ထီးသိမ်အဝိုင်းပတ်တံတားအား ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ စနစ်တကျဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေအား စစ်ဆေးခဲ့ပြီး ကျောက်ဖြည့်တင်းရန် လိုအပ်သည့်နေရာများတွင် ကျောက်ထပ်မံဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာပေါင်ရေတိုက်စားမှုနည်းစေရန်အတွက် မြက်ကပ်စိုက်ပျိုးထားမှုအား ရှင်သန်အောင် ဂရုစိုက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ကြီး)ရုံးမှ ပြည်နယ်အဆင့် အရာထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည့်အပြင် လှိုင်းတက်ဘူတာ၊ ကလောဘူတာနှင့် ရွှေညောင်ဘူတာများ၊ ယာဉ်ဝင်းများအား စစ်ဆေးခဲ့ပြီး ဘူတာများသန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၌ သောက်သုံးရေလုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်သွားရန်နှင့် အိမ်ရာကြီးကြပ်ရေးအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်နှင့် မြန်မာ့မီးရထားတိုင်းနယ်မြေများရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဝန်ထမ်းမိသားစုများ ပိုမိုဆေးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

❑ **ကျောဖုံးမှအဆက်**

ချောင်းသာကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များဝင်ရောက်မှုရှိသော်လည်း ပြည်တွင်းဧည့်သည်များ ပိုမိုကြိုက်နှစ်သက်သည့်ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ယင်းကမ်းခြေသည် ၁ မိုင်ခွဲခန့်အရှည်ရှိပြီး စုစုရုံးရုံးပျော်ပျော်ရွှင်ရွှင် မိသားစုအဖွဲ့များ၊ သူငယ်ချင်းများ၊ ရုံးအဖွဲ့များ၊ ကုမ္ပဏီများမှ အစုအဖွဲ့တို့ဖြင့် လာရောက်လည်ပတ်ကြကြောင်းလည်း သိရသည်။

"ဧည့်သည်ဝင်ရောက်မှုက နှစ်အစပိုင်းအနေနဲ့ဆိုရင် မတ်လတို့ ဧပြီလတို့က ပိုများတယ်။ ဒီကမ်းခြေမှာသင်္ကြန်ဆို ဧည့်ဝင်ရောက်မှုကအများဆုံးပဲ၊ တချို့ကျတော့လည်း သင်္ကြန်မတိုင်မီကပ်ပြီးလာကြတာတွေလည်းရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ ဧည့်သည်ပျက်တယ် မရှိသလောက်ပဲ။ ခုဆိုသင်္ကြန်နီးတော့ ဧည့်သည်ဝင်တာ တဖြည်းဖြည်းများလာပြီ။ သင်္ကြန်ဆိုတစ်မြို့လုံးမှာရှိတဲ့ဟိုတယ်တွေ၊ တည်းခိုခန်းတွေ အပြည့်ပဲ။ ဧည့်သည်တွေအတွက် ကျွန်တော်တို့ကမ်းခြေမှာရှိတဲ့ဟိုတယ်တွေနဲ့ နောက်တည်းခိုခန်းတွေ၊ ဒေသထွက်ကုန်အရောင်းဆိုင်တွေ စားသောက်ဆိုင်တွေကို ကြိုတင်ပြင်ဆင်ထားကြတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူကပြောသည်။

ချောင်းသာကမ်းခြေသန့်ရှင်းသာယာရေးအတွက် ကမ်းခြေတွင် ဈေးရောင်းချကြသည့်ဈေးသည်များအား သတ်မှတ်နေရာများတွင် စနစ်တကျခင်းကျင်းရောင်းချရန်၊ စွန့်ပစ်အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်နှင့် ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်ရန် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဈေးသည်များ၊ ခရီးသွားများ၏စွန့်ပစ်အမှိုက်များကောက်ရန် ဟိုတယ်ခရီးက လစာပေး၍ ခန့်အပ်ထားမှုများလည်းရှိကြောင်း သိရသည်။

**ဝန်းရံခ**

ရန်ကုန်၊ ရေသယံဇာတ

# ယခုနှစ်ငါးမဖမ်းရရာသီကို ဧပြီလမှဇွန်လအထိ သုံးလသတ်မှတ်ထားသော်လည်း ငါးဖမ်းကိရိယာလုပ်ငန်း အမျိုးအစားတချို့ကို ဖြေလျှော့ပေးထား

မြန်မာ့ပင်လယ်ပြင်၌ ငါးမဖမ်းရရာသီကို ယခုနှစ်တွင် ဧပြီလမှ ဇွန်လအထိ သုံးလသတ်မှတ်ထားသော်လည်း ငါးဖမ်းကိရိယာလုပ်ငန်းအမျိုးအစားတချို့ကို ဖြေလျှော့ပေးထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုနှစ် ငါးမဖမ်းရရာသီကို ဧပြီလမှ ဇွန်လအထိ သုံးလသတ်မှတ်ထားရာ ယင်းကာလတွင် ကမ်းဝေးငါးဖမ်းလှေများ ရပ်နားထားမည်ဖြစ်သည့်အတွက် ကမ်းနီးမှ ဖမ်းယူရရှိသော ငါး၊ ပုစွန်ရေထွက်ကုန်များကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ငါးမဖမ်းရရာသီကို ဧပြီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက်အထိ သတ်မှတ်ထားပါတယ်။ ဒီကာလအတွင်း ငါးဖမ်းကိရိယာလုပ်ငန်းအမျိုးအစားတချို့က လုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေက သူတို့ရဲ့အခက်အခဲတွေ ပြန်လည်ကုစားနိုင်ဖို့ တင်ပြပါတယ်။ သူတို့တင်ပြတဲ့ ငါးဖမ်းကိရိယာလုပ်ငန်းအမျိုးအစားအလိုက်၊ တင်တဲ့လအလိုက် ပြန်ပြီးဖြေလျှော့ပေးထားပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်တွင် ငါးရစ်ငါးသန်ကာလဖြစ်သည့် ဧပြီလ၊ မေလနှင့် ဇွန်လသုံးလကို ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ဝိုင်းကြီးချပ်ငါးဖမ်းရေယာဉ်အမျိုးအစားကို ဧပြီလတစ်လ ငါးဖမ်းခွင့်ပြုထားကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၌ ကင်းမွန်နှင့်ဝိုင်းကြီးချပ်ရေယာဉ်အမျိုးအစားများကို ဧပြီလနှင့် မေလတွင် ငါးဖမ်းခွင့်ပြုပေးထားမည်ဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီး၌ အင်္ဂလန်ကျားပိုက်အမျိုးအစားကို ဧပြီလတစ်လ ငါးဖမ်းခွင့်ပြုထားကြောင်း၊ မွန်ပြည်နယ်၌ ဘွန်ချောင်းကျားပိုက်နှင့် အင်္ဂလန်ကျားပိုက်အမျိုးအစားကို ဧပြီလတစ်လ ငါးဖမ်းခွင့်ပြုထားကာ ကျန်ငါးဖမ်းရေယာဉ်အမျိုးအစားများကို ဧပြီလမှ ဇွန်လအထိ သုံးလရပ်နားမည်ဖြစ်ပြီး ကမ်းနီးလှေများသာ ငါးဖမ်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။



မြန်မာ့ပင်လယ်ပြင်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ငါးဖမ်းလှေ ၃၀၀၀ ခန့် လုပ်ကိုင်လျက်ရှိပြီး ငါးသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူစားသုံးနိုင်ရန် ကမ်းဝေးငါးဖမ်းစက်တပ်ရေယာဉ်လုပ်ငန်းများကို ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**စောယု**

---

ပုသိမ်၊ ရိုးရာပွဲတော်

## ပုသိမ်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားစွာကျင်းပရန်စီစဉ်နေ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြီးခဲ့သည့်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးကျော်စိုး၏ ပြောကြားချက်အရသိရသည်။

ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်များ၊ ယိမ်းအကအလှများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည့်အပြင် ပုသိမ်မြို့၌လည်း ပြီးခဲ့သည့်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ပုသိမ်မြို့ ကမ်းနားလမ်း View Point ၌ ဗဟိုမဏ္ဍပ်တည်ဆောက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်စေရန် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ကာ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းများကိုလည်း ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

---

ရန်ကုန်၊ လူငယ်ရေးရာ

## အခြေခံပန်းချီရေးဆွဲနည်းနှင့် ကဗျာရေးစပ်နည်း (အခမဲ့)သင်တန်းဆင်း

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် ကဗျာရေးစပ်နည်း(အခမဲ့) သင်တန်းဆင်းပွဲကို ဧပြီလ ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူ၊ အခြေခံပန်းချီသင်တန်းနည်းပြဆရာဦးနေမင်းချိုနှင့် အခြေခံကဗျာရေးစပ်နည်းသင်တန်းနည်းပြဆရာမ နန်းဟင်းပြင်းတို့က မှဒိတာစကားများအသီးသီးပြောကြားကြသည်။

ဆက်လက်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းနှင့် ကဗျာရေးစပ်နည်းသင်တန်း ဆန်းစစ်ချက်ပြိုင်ပွဲ၌ ဆုရရှိသည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အထူးဆုများနှင့် သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးပြီး သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း၊ အခြေခံကဗျာရေးစပ်နည်း (အခမဲ့) သင်တန်းများကို မတ်လ ၄ ရက်မှ ဧပြီလ ၄ ရက်အထိ တစ်ပတ်လျှင် သုံးရက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

လိုက်နာဆောင်ရွက်ရန်အချက်များ

- ➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။

ရှောင်ကြဉ်ရန်အချက်များ

- ❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- ❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- ❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၄)

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ➢ ဂဏှာမငြိမ်ခြင်း၊
- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ သတိလစ်ခြင်း၊ တက်ခြင်း။

အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေဖတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

(ဧပြီလ၊ ၂၀၂၄)

နောင်ချို၊ ဆွမ်းလောင်းလှူပွဲ

## နောင်ချိုမြို့နယ်၌ (၅၅၅၃)ကြိမ်မြောက်အရက်ဆွမ်းလောင်းလှူ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၅၅၅၃)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူမှုကို ဧပြီလ ၇ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်းသိရသည်။

နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်းကို ၂၀၀၆ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းရှစ်ကျောင်းမှ သံဃာတော်အပါး ၁၀၀ ကျော်အား အရုဏ်ဆွမ်းများနေ့စဉ်မပြတ်လောင်းလှူလျက်ရှိရာ ယခုနှစ်ဧပြီလ ၇ ရက်တွင် အကြိမ်ရေ (၅၅၅၃)ကြိမ်အဖြစ်ရှိပြီဖြစ်သည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူသည့်သံဃာ့ဒါနဆွမ်းလောင်းအသင်းသို့ နောင်ချိုမြို့နယ်သူ၊ မြို့နယ်သားများက နေ့စဉ်မပြတ် လာရောက်လောင်းလှူမှုများရှိသည့်အပြင် ရပ်နီးရပ်ဝေးမှ လှူဒါန်းလိုသူများကလည်း ပင်မအလှူရှင်အဖြစ် တစ်ရက်တာအရုဏ်ဆွမ်းအတွက် အလှူငွေများ လှူဒါန်းလျက်ရှိကြောင်း၊ ပင်မအလှူရှင်မရှိသည့် နေ့များတွင် သံဃာ့ဒါနဆွမ်းလောင်းအသင်းမှ လောင်းလှူလျက်ရှိကြောင်း ဆွမ်းလောင်းအသင်းထံမှ သိရသည်။ **ထွေးငယ်(ပြန်/ဆက်)**

စေတုတ္တရာ၊ လူမှုရေး

## စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းများစစ်ဆေး



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြောင်းဦးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၇ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ မြောင်းဦးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းချက်များအားလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ပြောကြားသည်။

စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၂၀ ဦးအား ချေးငွေကျပ် ၆ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၇၂ ဦးအား ချေးငွေကျပ် ၂၄ ဒသမ ၁၅ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်သူ ၁၀ ဦးအား ချေးငွေကျပ် ၄ ဒသမ ၂၀ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူ နှစ်ဦးအား ချေးငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးအား ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)မှ ချေးငွေကျပ် ၃၅ ဒသမ ၃၀ သန်းထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို(ကျေးလက်)**

**ကမ္ဘာ့ကျန်းမာရေးနေ့ဂုဏ်ပြုကဗျာ**

## ကျန်းမာစေရေး အလေးထားပေး

♦ လူတိုင်းအတွက်ဘဝမှာ
အရေးကြီးဆုံးဟာ။
သေချာတွေးဆသုံးသပ်ကြည့်
ကျန်းမာရေးသာတည့်။

♦ မကျန်းမာသည့်သူတွေမှာ
စိတ်သွားတိုင်းမပါ။
လိုရာဆန္ဒပြည့်စုံအား
ဖော်ဆောင်စွမ်းနည်းပါး။

♦ မိသားစုတွက်ရတက်ပွေ
သောကများရပေ။
ငွေကြေးကုန်ကျမှုများပါဘိ
ဆုံးရှုံးလှပေ၏။

♦ လူတိုင်းသိမြင်တွေးဆကာ
ကျန်းမာစေဖို့ရာ။
နေထိုင်သွားလာစားသောက်မှု
စဉ်မြဲချင့်ချိန်ပြု။

♦ ကျန်းမာမှုတွက်ဘေးဘယာ
ဖြစ်မည့်အစားအစာ။
ရှောင်ကြဉ်လျှော့ချပြုလုပ်ပေး
သက်ရှည်ကျန်းမာနေနိုင်ရေး
အလေးထားစို့လေး။ ။

**မနောသစ်(ပခုက္ကူ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



ဆရာတော်၊ သံဃာတော်များအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

■ **ရှေ့ဖုံးမှအဆက်**

စလင်းမြို့၊ လက်ပံပင်စာသင်တိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ရှင်သာမဏေလောင်းများနှင့် မိဘအစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ရှင်သာမဏေလောင်း ၅၆၀၂ ဦးအား သပိတ်၊ သင်္ကန်းနှင့် တူညီဝတ်စုံများ ထောက်ပံ့ပေးသည်။ ထို့နောက် ရှင်သာမဏေလောင်းများက ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတထံမှ သင်္ကန်းတောင်း၍ ဆယ်ပါးသီလခံယူဆောက်တည်ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တပညာဇောတ အမှူးပြုသော သံဃာတော်များနှင့် ရှင်သာမဏေများကို ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ပေးပို့လှူဒါန်းသောလှူဒါန်းငွေများ၊ စေတနာရှင် အလှူရှင်များမှ လှူဒါန်းငွေများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ စလင်းမြို့၊ လက်ပံပင်စာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ သာဓုအနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

**နေပြည်တော် ဧပြီ ၇**

# နမ့်စန်မြို့နယ်၊နားရိုင်းရွာသစ်၊ ခါနန်(ကောင်းခမ်း)ကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်၊ ခါနန်(ကောင်းခမ်း)ကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈၄ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဓမ္မာရုံ ဆောက်လုပ်ရန်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

---

**နေပြည်တော် ဧပြီ ၇**

# လူထုအခြေပြု တီကျစ်စာမြေဆွေး ပြုလုပ်ခြင်းလုပ်ငန်းများ ထွန်းကားလာစေရန် သုတေသီပညာရှင်များနှင့် တောင်သူများအကြားဆွေးနွေး

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိသော (၃၁) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြု တီကျစ်စာမြေဆွေးပြုလုပ်ခြင်းလုပ်ငန်းများ ထွန်းကားလာစေရန် စိုက်ပျိုးရေးသုတေသီပညာရှင်များနှင့် တောင်သူများပူးပေါင်းဆောင်ရွက်ခေါင်းစဉ်ဖြင့်ကျင်းပသည်။



ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ဆွေးနွေးသည့် တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်းလုပ်ငန်းကို အထူးစီမံချက်အသွင်ဖြင့် ဆီထွက်သီးနှံဇုန်များမှစတင်၍ သေသေချာချာ အကောင်အထည်ဖော်လုပ်ဆောင်ကြရန် လိုကြောင်း၊ တက်ရောက်လာကြသော တောင်သူများအနေဖြင့်လည်း ကိုယ်စီကိုယ်စီ တစ်ပိုင်တစ်နိုင်လုပ်ဆောင်ကြရန် လိုအပ်သကဲ့သို့ တောင်သူများအားလုံး အတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြလျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု တီကျစ်စာမြေဆွေးပြုလုပ်ခြင်း လုပ်ငန်းများနှင့် ပတ်သက်ပြီး တောင်သူများအကြားထွန်းကားလာစေရန် ရည်ရွယ်ဆွေးနွေးကြခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြေဆီလွှာကျန်းမာရေးအတွက် လူထုအခြေပြု တီကျစ်စာမြေဆွေးပြုလုပ်ခြင်း လုပ်ငန်းများ တောင်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း စံပြကျေးရွာများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း၊ တီကျစ်စာမြေဆွေးပြုလုပ်ခြင်းလုပ်ငန်းများ ထွန်းကားလာစေရန် လူထုအခြေပြုစံပြကျေးရွာများအဖြစ် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**တီကျစ်စာမြေဆွေးပြုလုပ်ခြင်းနည်းပညာသည် မြန်မာနိုင်ငံသို့ ၁၉၈၀ ခုနှစ်တွင် စတင်ရောက်ရှိခဲ့သော်လည်း တောင်သူများအကြား ယနေ့အထိ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးခြင်းမရှိသေးကြောင်း၊ ယခုအခါ သီးထွက်စွမ်းရည်တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုသာ အားပြုရုံမက မြေဆီလွှာ၏စွမ်းအားတိုးတက်ကျန်းမာရေးကိုပါ တောင်သူလယ်သမားများအထူးဂရုပြုမိကြရန် လိုအပ်လျက်ရှိသည်။**

ယနေ့ တောင်သူနည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စိုက်ပျိုးရေးသုတေသီပညာရှင်များ၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ တောင်သူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့မှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများတက်ရောက်ခဲ့ပြီး သီးထပ်စွမ်းရည်တိုးတက်ရေးနှင့်ပတ်သက်၍ရေရရှိရေးကဏ္ဍများကို တောင်သူလယ်သမားများက ပြန်လည်ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက တောင်သူများ အလုပ်အကိုင်အဆင်ပြေစေရေး လုပ်ငန်းစဉ်ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**နေပြည်တော်  မေ  ၇**

# နေပြည်တော်ကောင်စီနယ်မြေတွင် ယခုနှစ် နွေနှမ်းဧက ၈၀၀၀ ကျော် စိုက်ပျိုးရန်လျာထား



နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး မြို့နယ် ချောင်းမငယ်ဆည်ရေသောက်စနစ်ရှိ သစ်ဆိမ့်ပင်ကျေးရွာတွင် ဖော်ထုတ်ပြီးစီးသည့် စနစ်ကျလယ်ယာမြေ ၃၃၈ ဒသမ ၂၆ ဧကၥ် နွေနှမ်းစိုက်ပျိုးကြမည့်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နွေနှမ်းစိုက်ပျိုးကြမည့် တောင်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ တောင်သူ ၁၁၀ ၏ လယ်ယာမြေ ၃၃၈ ဧကကျော်ကို မြေပြင်ခြင်း၊ ကန်သင်းဖော်ခြင်း၊ ရေသွင်းရေထုတ်မြောင်း၊ ရေပေးအဆောက်အအုံနှင့် ကုန်ထုတ်လမ်းများ ပါဝင်သည့် စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်ရန် နိုင်ငံတော်က ဘဏ္ဍာငွေ အမြောက်အမြား အသုံးပြုဆောင်ရွက်ပေးခြင်းသည် တစ်ဧကချင်း၏သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်၍ တောင်သူများအနေဖြင့် သီးထပ်စွမ်းအားတိုးတက်ရေး၊ သီးနှံအထွက်နှုန်းမြင့်မားရေး ကြိုးပမ်းအားထုတ်ကြရန်တိုက်တွန်းလိုကြောင်း၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးပြီး ပထမဆုံးအဖြစ် နွေနှမ်းစတင်စိုက်ပျိုးကြမည်ဖြစ်၍ တောင်သူများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးနိုင်ကြစေရန်နှင့် နည်းပညာအပါအဝင် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက အနီးကပ်ကူညီပေးနိုင်ရန် ယခုတွေ့ဆုံပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စနစ်ကျလယ်ယာမြေစီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု၊ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်း၏အရေးပါမှု၊ နှမ်းသီးနှံစိုက်ပျိုးခြင်း လုပ်ငန်းအဆင့်ဆင့်၏နည်းပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နွေနှမ်းစိုက်ပျိုးရန် စိုက်ခင်းမြေပြင်ခြင်း၊ မျိုးစေ့ချခြင်းနှင့် အပင်သက်တမ်းအလိုက် ဂရုပြုရမည့်အချက်များ၊ စနစ်ကျလယ်ယာမြေ၏ မြေကြီးမြေပုံမှန်ကန်ရေးနှင့် ပုံစံ(၇) အသစ်ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲတက်ရောက်လာကြသူများနှင့်အတူ နွေနှမ်းစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စနစ်ကျလယ်ယာမြေ ၃၃၈ ဒသမ ၂၆ ဧက ဖော်ထုတ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ နွေနှမ်းဧက ၂၇၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နွေနှမ်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိရာ သီးနှံအထွက်တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ နည်းပညာနှင့် လိုအပ်ချက်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိဈေးအနီးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ထားသည့် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာဈေးကွက်ဗဟိုဌာနကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း၏ ရည်ရွယ်ချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနနှင့်အအေးခန်းစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းအား စိုက်ပျိုးရေးထွက်ကုန်များ စုဆောင်းသိုလှောင်ခြင်းပြုပြင်ထုပ်ပိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို တစ်နေရာတည်းတွင်ဆောင်ရွက်နိုင်စေရန်၊ စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ သတင်းအချက်အလက်ဖလှယ်မှု ထိရောက်စွာဆောင်ရွက်နိုင်စေရန်တို့အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် တည်ဆောက်ရေးအပိုင်း၌ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သော်လည်း တပ်ဆင်အသုံးပြုရမည့်ပစ္စည်းကိရိယာနှင့် ပတ်သက်သည့်လုပ်ငန်းများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်းလုပ်ငန်းစဉ်အားလုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

**နေပြည်တော်  မေ  ၇**

# ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အောင်မင်္ဂလာဆိပ်ကမ်း၌ ပြည်ပပို့ကုန်မွေးမြူရေးငါးများ သဘော်တင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းဝင်းရှိ ကုန်သွယ်ရေးဦးစီးဌာန၏ Commerce Journal ပုံနှိပ်တိုက်သို့ ရောက်ရှိ၍ ကုန်သွယ်မှုဆိုင်ရာစာစောင်များ၊ အသိပညာပေးစာစောင်များနှင့် ဂျာနယ်များ ပုံနှိပ်ထုတ်ဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာထည့်သွင်းဖော်ပြနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စောင်ရေတိုးချဲ့ရိုက်နှိပ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် အောင်မင်္ဂလာဆိပ်ကမ်းတွင် မအူပင်မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ပြည်တွင်းဖူလုံ၍ ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပြီး ပိုလျှံသည့် ငါးမြစ်ချင်းနှင့် ငါးသိုင်းခေါင်းပွ မွေးမြူရေးငါးများကို ပြည်ပသို့တင်ပို့ရန် သဘော်တင်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပို့ကုန်လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိစေရေးအတွက် ဌာနဆိုင်ရာ One Stop Services (OSS) အဖွဲ့မှ စနစ်တကျစစ်ဆေးဆောင်ရွက်ရန်၊ ပို့ကုန်ငါးများကို အချိန်တိုအတွင်းသဘော်တင်နိုင်ရေးဆောင်ရွက်ရန်၊ ငါးအရည်အသွေးကောင်းမွန်စေရန်နှင့် အလေးချိန်မှန်ကန်စေရန် အလေးထားဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်အသစ် တိုးချဲ့ရှာဖွေတင်ပို့နိုင်ရန်နှင့် ပင်လယ်ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

**နေပြည်တော်  မေ  ၇**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ၁၄၉ ဒသမ ၃၆၉ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် အောင်ပန်း - ရွာငံ ပဆငလမ်းမှ ညောင်ကုန်း - ညောင်ဖြူရိုး - စီးနဲယုတ် (စဉ်းလဲရုပ်)-တောင်ပို့ခေါင်း ကျောက်လမ်း ၄ မိုင်အနက် ၂ မိုင် ကတ္တရာထပ်ပိုးလွှာခင်းပြီး ကျန် ၂ မိုင်မှ ၁ မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ ဓနုဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံကျေးရွာ ၉ ရွာမှ လူဦးရေ ၄၀၅၉ ဦးတို့၏ လမ်းပန်းဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာပြီး လူနေမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

# လူထုဖြန့်ပျိုးပင်များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် ပျိုးပင် ၅၅၀၀၀ ကြိုတင်ပျိုးထောင်ထားရှိ



ပြင်ဦးလွင်ကော်ဖီစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ရှင်းလင်းဆောင်ခွဲကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ခရိုင်အဆင့်ဌာနများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသောမြေနေရာများတွင် ကော်ဖီပင်များနှင့် အရိပ်ရပင်များကို အမှန်တကယ် အောင်မြင်အောင် စိုက်ပျိုးသွားရန်လိုအပ်ပါကြောင်း၊ ကော်ဖီပင်စိုက်ပျိုးရန်အတွက် မြေရယူပြီး ကော်ဖီပင်စိုက်ပျိုးခြင်းမပြုဘဲ မြေအသုံးချမှုပြောင်းလဲဆောင်ရွက်ခြင်းမပြုရန် လိုအပ်ပါကြောင်း၊ ကော်ဖီပင်စိုက်ပျိုးရန်အတွက် ခွင့်ပြုချက်ပါလိုက်နာရမည့် စည်းကမ်းချက်များအတိုင်း လိုက်နာခြင်း ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကလည်း အစီရင်ခံစာများပြန်လည်တင်ပြပြီးဖြစ်သဖြင့် သက်ဆိုင်ရာဌာန လုပ်ထုံးလုပ်နည်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကော်ဖီစိုက်ခင်းများကို အကွက်ပြည့်ဖြင့် လွှဲပြောင်းပေးနိုင်ရေး သစ်တောဦးစီးဌာနမှ ပြုစုပြင်ဆင်ထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကော်ဖီစီမံကိန်းဧရိယာသစ်တောမြေအတွင်း ကော်ဖီစိုက်ပျိုးမြေအဖြစ်ခွင့်ပြုခဲ့မှုနှင့် ဆောင်ရွက်ထားရှိမှု၊ ပုဂ္ဂလိက ကော်ဖီစိုက်ခင်းများကို အကွက်ပြည့်ဖြင့် လွှဲပြောင်းပေးနိုင်ရေးအတွက် အကွက်(Plot)များ ဖွဲ့စည်းပြီးစီးမှုနှင့် ကော်ဖီစိုက်ပျိုးခွင့်စာချုပ်များ ပြန်လည်အပ်နှံမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက ကော်ဖီစိုက်ပျိုးသည့် ဧရိယာများတွင် တရားမဝင်ကျူးကျော်နေထိုင်မှုများအပေါ် ဆောင်ရွက်ထားရှိမှု၊ ကော်ဖီစိုက်ပျိုးရေးအတွက် ခွင့်ပြုထားသောမြေများကို စိုက်ပျိုးခြင်းမရှိခြင်းကြောင့် အရေးယူဆောင်ရွက်ထားရှိမှု၊ ကော်ဖီခြံများ မူလချထားပေးသည့် ဧရိယာအတိုင်း ရှိ/မရှိ၊ မူလပိုင်ရှင်အတိုင်း ဟုတ်၊ မဟုတ်စိစစ်တွေ့မှု၊ ကော်ဖီစိုက်ပျိုးရေးစီမံကိန်းအတွင်းရှိ စည်းကမ်းနှင့်မညီညွတ်သော အဆောက်အအုံများ ဖျက်သိမ်းနိုင်ရေးဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက မြို့မြေနှင့် မြေလွတ်၊မြေရိုင်း မြေဧရိယာများတွင် ကော်ဖီစိုက်ပျိုးမြေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်းတွင် ၂၀၂၄-၂၀၂၅ ခုနှစ် အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၈)ဝင်ခွင့်ဖြေဆိုနေမှု၊ သင်တန်းသားများအတွက် ပရိဘောဂများပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သစ်တောပြတိုက်အတွင်း ဇီဝမျိုးစုံမျိုးကွဲများပြသထားမှု၊ ကွန်ပျူတာခန်းတွင် သင်တန်းသားများကိုသင်ကြားပို့ချနေမှုနှင့် သင်တန်းသားများအိပ်ဆောင်တွင် ခင်းကျင်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ ရှုံ့ညွှန်တောလျှောက်လမ်းရှိ ရေထွက်မှ ရေထွက်ရှိမှု၊ တောင်ဇလပ်နီပင်များ စိုက်ပျိုးထားမှု၊ နှင်းဆီပင်များ စိုက်ပျိုးထားရှိမှု၊ ဂျပန်ချယ်ရီစိုက်ပျိုးထားရှိမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များမှာ ရေပြည့်အမှတ်သို့ရောက်ရှိနေပြီး ကန်အမှတ်(၃)နှင့် (၄)အကြား တမံအားဖြည့်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း ပန်းပင်များ စမ်းသပ်စိုက်ပျိုးထားရှိမှု၊ တီကျစ်မြေသြဇာထုတ်လုပ်နေမှုနှင့် တောတွင်းစက်ဘီးစီးလမ်းကြောင်းဖောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန အင်းယားပျိုးဥယျာဉ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအတွက် ပျိုးပင်များစုစုပေါင်း ပျိုးပင် ၅၅၀၀၀ ကြိုတင်ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းသုံးဧက ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


---

နေပြည်တော် ဧပြီ ၇

# မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ ဗဟိုအလုပ်အမှုဆောင်များ၊ အထက်မြန်မာပြည်အလုပ်အမှုဆောင်များ၊ အောက်မြန်မာပြည်အလုပ်အမှုဆောင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံ

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဗဟိုအဖွဲ့အတွင်းရေးမှူးကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထက်မြန်မာပြည် အလုပ်အမှုဆောင်များ၊ အောက်မြန်မာပြည် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဥပဒေနှင့်အညီ စနစ်တကျတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှလည်း အားဖြည့်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးအာမခံစနစ်ပေါ် ပေါက်စေရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်နေဆဲကာလ၌ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအနေဖြင့် နည်းမှန်လမ်းမှန်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေခြင်းဖြစ်သဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တူညီသော ဦးတည်ချက်တစ်ခုဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများတွင် ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းများ၊ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများ၊ ကင်ဆာ



ဓာတ်ရောင်ခြည်ကုသမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ကြီးကြပ်အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကင်ဆာဓာတ်ရောင်ခြည်ကုသမှုစောင့်ဆိုင်းလူနာလျော့နည်းစေရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်ခွင့်ပြုရန်အတွက် စိစစ်ရာတွင် အရည်အသွေးပြည့်ကျန်းမာရေးစောင့်ရှောက်မှု၊ လူနာများဘေးကင်းလုံခြုံမှု၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဘေးကင်းလုံခြုံမှု၊ အခြားဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိမှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ/ နည်းဥပဒေများနှင့်အညီ ပြည့်စုံစွာဆောင်ရွက်ထားရှိခြင်း ရှိ/မရှိတို့ကို အထူးအလေးထားစိစစ်လျက်ရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီပါက အချိန်နှင့်တစ်ပြေးညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်ရရှိသူများအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအဖွဲ့ဝင်များက ပြည်ပနိုင်ငံများသို့ ပေးပို့စစ်ဆေးနေရသည့် ရောဂါရှာဖွေစစ်ဆေးမှုများနှင့် သွားရောက်ဆေးကုသမှုများ လျှော့ချနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆေးကုသမှုလိုင်စင်ကိစ္စရပ်များနှင့် ဆေးရုံလိုင်စင်လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကဆေးရုံများတွင် ဆေးဝါးများပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပုဂ္ဂလိကကျန်းမာရေးလူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ရာ မေးမြန်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့်ကောင်စီဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်းလမ်းညွှန်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

CITY DEVELOPMENT

# YCDC plans to establish water reserve zone

To ensure the city's water sufficiency, the Yangon City Development Committee (YCDC) plans to establish water reserve zones within the municipal area for constructing rainwater harvesting ponds.

As an initial project, these ponds will be constructed in Maha Bandoola Park, located in Kyauktada Township, along with other green plains, as announced by the committee's hydrologist Dr Zaw Win.

The committee has completed a feasibility survey for building rainwater storage facilities. With public cooperation, the collected rainwater will help replenish depleting underground water reserves, prevent saltwater contamination, and mitigate the risk of collapses in underground water layers.

Dr Zaw Win explained, "Our approach draws inspiration from the artificial water recharge system used in India. Residents will construct small underground storage units in their yards to collect rainwater. The water, excluding sewage, along with rainwater, will be directed through a pipeline measuring three inches in diameter and 10 feet in length, ultimately reaching the underground storage. This method will effectively replenish the underground water levels, reducing the risk of collapses for tube well users".

As Yangon experiences rapid population growth, much of its green spaces, spread across 790 square kilometres spanning 33 townships, are being lost to concrete buildings and streets. This trend contributes to the decline in underground water levels.

The initiative will begin in Maha Bandoola Park starting from this year's rainy season and gradually extend to other areas that previously housed defunct tube wells. **SMK**

TOURISM

# Mandalay Region draws local and foreign travellers more than twice before

The number of local and foreign travellers has more than doubled to the ancient cultural heritage area in Mandalay Region in 2023, according to the Directorate of Hotels and Tourism for Mandalay Region.

"More than 1.2 million locals and 125,548 foreign tourists arrived in Mandalay Region during 2022. In 2023, the arrival of local travellers was more than 2.1 million and the arrival of foreign tourists was 315,277, which is more than double. At the beginning of 2024, the arrival of local travellers was 189,823 and the arrival of foreign tourists was 27,961," said U Min Maung Soe, Deputy Director of the Directorate of Hotels and Tourism for Mandalay Region.



As the number of tourists is increasing year by year, all those involved in the tourism industry are working together to create destinations that are compatible with the tourists who arrive. The development of the national interest from tourism can actually be achieved depending on the ability to properly manage. **SK**

BUSINESS

# Groundnut fetches good price in Mandalay market



The Mandalay bean market is doing well because of the demand for groundnut from neighbouring countries as stated by the Mandalay bean traders.

At present, groundnut beans are brought into the Mandalay market from areas such as Bahmo, Katha, Htigyaing, Shwegu, Kalay, Kalaywa, and Gangaw. U Soe Win Myint, the owner of Soe Win Myint Fair in Mandalay, said that this year, transactions have been brisk and prices have risen to Ks-310,000 per bag.

"A large number of beans are entering the market and transactions are good. The prices are rising because the neighbouring countries: China and India are buying them. This year's yield and prices are good, and farmers are happy with the good yield. Most of the beans are exported to European and Middle Eastern countries.

The number of customers buying beans is increasing year by year, so we are getting good prices.

As a winter crop, groundnut is grown only once a year, and this crop does not like hot seasons and rainy seasons, so it cannot be grown anywhere. The crop can be grown in Htigyaing, Katha, Bahmo, Shwegu and Chindwin River Basin Area including Kalay, Kalaywa and Gangaw along the Ayeyawady River Basin. **SMK**

SOCIAL

# Authorities organize informative lecture for factory employees on social security benefits

An awareness lecture will be held from the third week of this month to inform workers of factories and workplaces in three townships in Mandalay Region about their social security benefits, according to the Office of the Department of Social Welfare for Mandalay Region.

"Educational lectures will be given to the workers of these workplaces to make them more aware of social security benefits and insurance systems. The townships that will be done are Pyigyidagun, Aungmyaethazan and Chanayethazan which are connected by the township social security offices and the regional in charge, the district in charge and the township heads will jointly hold awareness talks," said U Than Naing Oo, deputy director of the Office of the Department of Social Welfare for Mandalay Region.

The Social Welfare Office is implementing three insurance systems: the health and social care insurance system, the family support insurance system and the workplace injury benefit insurance system will be lectured at the workplaces so that workers can understand more about them and get benefits. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

BUSINESS

# Shan State cabbages gain momentum with high demand in Mandalay markets



Cabbages from the southern and northern areas of Shan State received high demand in the Thiri Malar Green Wholesale market in Aungmyaethazan District, Mandalay, according to the cabbage stalls in the market.

"Cabbages from the southern and northern areas of Shan State are currently regularly arriving at the Thiri Malar Green Wholesale Market in Mandalay by 5 to 6 12-wheelers in a day. There is no stock left in the market, and sales are good. The current price of cabbage is between Ks-200 and Ks-350 per piece," said U Aung Moe Naing, the owner of the Aung Wholesale Center in Mandalay.

"Currently, only the mountainous areas where cabbage is grown are entering mostly. The rest of the areas have not produced any cabbage. Number of the growers is reduced due to various reasons. Transaction is also good in the market. Currently, trucks loaded with cabbages enter this market regularly. Therefore, the growers are getting good prices," he said. **SMK**

AGRICULTURE

# More than 5,000 acres of kidney bean cultivated in Tamu District

According to the statistics of Tamu District Agriculture Department, a total of 5,220 acres of croplands have been placed under cold season crops in Tamu District of Sagaing Region.

In 2023-2024 financial year, Tamu District has cultivated 5,220 acres of cold season crops starting from October 2023 exceeding the target of 4,295 acres.

U Hla Myint, Head of Tamu District Agriculture Department, said: "We have earmarked cultivation of more than 4,000 acres of kidney bean in the district but local farmers have grown more than 5,000 acres of croplands. So, we provide local farmers with quality strains of crops, inputs, and post-harvest technology."

In the district, Myothit Township planted 1,055 acres of kidney bean, Tamu Township 3,155 acres and Khampat 1,010, totalling 5,220 acres.

In 2023-2024 FY, the district earmarked cultivation of 100 acres in Myothit Township, 2,295 acres in Tamu Township and 1,000 acres in Khampat.

Officials from the relevant agriculture departments help local farmers expand sown acreage of kidney bean, high yield, use of GAP system and quality strains of bean, and use of high yield strains.

The crops cultivated in GAP can get higher quality than other crops, fetching good prices. Such kinds of crops can be exported, benefiting the farmers. **SMK**

FESTIVAL

# Thingyan Water Festival (Nay Pyi Taw) to perform with international singers

Entertainment and performances by dancers and singers from South Korea, the People's Republic of China, and the Russian Federation are scheduled for the upcoming Thingyan Water Festival of 1385 ME, as announced by the Nay Pyi Taw City Development Committee.

In the entertainment programmes of the 1385 ME Myanmar traditional Maha Thingyan Festival in Nay Pyi Taw, K-Pop singers from South Korea and artistes from Tavrida-Art in the Russian Federation will participate. Additionally, there will be water-splashing pandals from the PRC and the Russian Federation featuring entertainment programmes.

The Nay Pyi Taw Thingyan Festival is organized by the government to celebrate the new year, aiming to provide happiness for the public, including ministerial staff.

Local artistes have already been invited to participate in festivities at the Nay Pyi Taw Mayor's pavilion and the walking Thingyan pavilion, according to the report. **SK**

ECUADOR

# Ecuador embroiled in diplomatic backlash after police break into Mexican embassy

Ecuador drew widespread criticism from the United Nations and several Latin American nations on Saturday after its police broke into the Mexican embassy in Quito and arrested former Vice President Jorge Glas, who has been taking refuge in the embassy since last December.

UN Secretary-General Antonio Guterres was "alarmed" by the raid carried out by Ecuadoran security forces at Mexico's embassy in Quito to arrest graft-accused Glas, said Stephane Dujarric, spokesman for Guterres, on Saturday.

The UN chief urged both Ecuador and Mexico to show "moderation" and "solve their differences through peaceful means," the spokesman said in a statement.

The incident prompted Mexico to swiftly sever diplomatic ties with Ecuador. "This is a flagrant violation of international law and the sovereignty of Mexico," President Andres Manuel Lopez Obrador wrote on X, formerly Twitter.

Other Latin American countries, including Cuba and Bolivia, were united in support of Mexico following the raid.

"All our solidarity with Mexico, in the face of the unacceptable violation of its Embassy in Quito.The Vienna Convention on Diplomatic Relations, which is an essential component of international law, must be respected by all," said Cuban President Miguel Diaz-Canel on X.

Ecuador's move "must be subject to strong repudiation, whatever the justification for its implementation," said Brazil's Foreign Ministry in a statement.

On Saturday, Nicaragua also severed "all diplomatic relations" with Ecuador. In a statement, the Nicaraguan government expressed its "absolute rejection" and condemnation of Ecuador's action.

**Xinhua**

ITALY

# Over 1,100 migrants rescued off Italy's coasts over 24 hours

Over 1,100 migrants and refugees including 121 non-accompanied children were rescued off Italy's southern coasts over 24 hours, local media said on Saturday.

Some 145 people were saved during the night while sailing aboard three boats that had departed from the Libyan ports of Zuara and Tajoura, according to state-run Rai News 24 channel. And the other 797 migrants were rescued in previous operations in the southern Mediterranean Sea. Among them were mainly Bengalis, Egyptians, and Syrian and Palestinian nationals, Ansa news agency reported.

Over the past 24 hours, dozens of other migrants also arrived at different ports in Sicily, including those in Pantelleria, Marettimo and Mazara del Vallo.

The improving sea and weather conditions were believed to have sparked the recent surge in maritime arrivals in southern Italy in the last few days.

The latest migrant boats all departed from either Libyan or Tunisian ports and crossed the perilous waters of the southern Mediterranean Sea, according to local media reports.

By April 4, 12,991 people have arrived in Italy by sea, down from the 28,342 in the same period of last year, the Interior Ministry has said.

And according to the United Nations refugee agency UNHCR, Italy registered 157,661 sea arrivals in 2023. **Xinhua**

RUSSIA

# Russia's Soyuz MS-24 spacecraft brings 3 cosmonauts back to Earth



Russia's Soyuz MS-24 spacecraft brings 3 cosmonauts back to Earth.

The Russian Soyuz MS-24 spacecraft, carrying an international crew of three cosmonauts, has successfully returned to Earth on Saturday.

The spacecraft landed at 10:17 Moscow time (0717 GMT) on Saturday near the Kazakh city of Jezkazgan, bringing home Russian cosmonaut Oleg Novitskiy, Belarusian spaceflight participant Marina Vasilevskaya, and NASA astronaut Loral O'Hara.

The spacecraft had previously undocked from the Rassvet research module of the Russian segment of the International Space Station. The deorbiting and descent to Earth were completed in normal mode.

Oleg Novitskiy and Marina Vasilevskaya spent 14 days in orbit, while Loral O'Hara completed a 204-day mission. This marks Novitskiy's fourth spaceflight, bringing his total time in space to 545 days. For Vasilevskaya and O'Hara, this mission concludes their first spaceflights.

**Xinhua**

CHINA

# Eight remain missing after ship collision in south China

Eight people remain missing following a collision between their fishing boat and a Panamanian container ship off the southwestern coast of south China's Hainan Province on Wednesday, resulting in the sinking of the fishing vessel, the provincial maritime search and rescue center said on Sunday.

Thanks to ongoing search and rescue efforts aided by advanced technologies such as underwater robots and remotely operated submersibles, the location of the sunken fishing boat was determined on Saturday. However, due to the rapid flow of water at the site and the presence of fishing nets around the sunken ship, divers have not been able to enter the cabin.

As of 5 p.m. Saturday, rescue boats, airplanes, and rescue personnel had been dispatched to search the missing people in an area exceeding 5,700 square nautical miles.

The fishing boat bearing the name "Yuenan Aoyu 36062" collided with the Panamanian container ship "SITC DANANG" at 22 nautical miles southwest of Yinggehai Town in Ledong County around midnight Wednesday. **Xinhua**

SOMALIA

# Cholera death toll rises to 60 in Somalia amid new cases of infection

At least 60 people died from cholera in Somalia in the past three months, indicating the severity of the outbreak, the UN Children's Fund, or UNICEF said Sunday.

"There has been a significant rise in cholera cases in the last three months, with a total of 4,956 new cases with 60 deaths (1.2 percent case fatality rate) being reported," the UN agency said in its latest update issued in Mogadishu, the capital of Somalia.

Of the reported cases, 2,503, or 51 percent, were female, underscoring the vulnerability of women to cholera infection, it said.

The country has been experiencing a protracted cholera outbreak, with uninterrupted transmission of the disease since 2017, according to the World Health Organization (WHO).

According to the WHO, the number of reported cases this year is three times higher than the average reported in the same period during the last three years.

UNICEF said among these cases, 3,054, or 62 percent, were classified as severe, indicating the gravity of the illness. It also said some 2,940 cases, or 59 percent, were children under five years of age, underscoring the heightened risk faced by this age group.

Cholera is an acute intestinal infection that spreads through food and water contaminated with bacteria, often from feces.

The upsurge in cholera infection is attributed largely to El Nino-induced floods toward the end of 2023, which left at least 118 people dead and 1.2 million others displaced.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Is THIS what's causing mystery rise in colon cancers among young people? New research points to bacteria in the gut linked to processed food and not eating enough fiber

- **Scientists say they may be one step closer to finding the cause of surging rates**
- **Team in China linked the rise to three bacteria groups found in the gut**

Scientists say they may be one step closer to understanding what's driving a mystery rise in colon cancer in young people.

Researchers have discovered that patients with an aggressive form of the disease have unusually high levels of three bacteria in their guts.

Levels of fusobacterium, clostridium and shewanella have all been linked to diets high in processed foods and sugar, and low in fiber, fruit and vegetable.

Testing for these three bacteria could help to diagnose those most at risk, the authors wrote. It comes as colon cancer diagnoses among under-50s reach epidemic levels.

Nearly 18,000 cases are diagnosed among this age group every year in the US compared to 12,000 a year pre-2000.


An even bigger rise has been seen among all cancers affecting the digestive tract, which has also been linked to poor diets.

In the study, scientists tested stool samples from 94 colon cancer patients. Twenty-four of these patients' tumors had a KRAS mutation — which makes the cancer more aggressive.

Of the more than two dozen bacterial species they tested for, the team found three were more common among those with the more aggressive form of the disease.

Fusobacteriums can cause inflammation in the gut, the researchers warned, while Colstridium — such as C. difficile — can release toxins.These raise the risk of damage to DNA in cells, which in turn increases the chance that they could turn cancerous.

For Shewanella, this bacteria proliferates on the surface of tumors, the team wrote — helping to support their growth.




**Scientists say they may be one step closer to finding the cause of surging rates.**

The bacteria bifidobacterium and akkermansia were abundant in the samples from patients without a KRAS mutation.

Bifidobacterium is a probiotic that is found in yoghurt, and akkermansia has shown some probiotic activities in previous studies, including suppression of pro-inflammatory factors in the colon. Based on this finding, the researchers speculate that the presence of these bacteria may reduce a person's chance of developing a KRAS mutation.

The added that it may also slow the progression of all colon cancers, which are now the number one cause of cancer deaths among men under 50 and the number two cause among women in the US.

Early-onset cancers of all forms are also on the rise, increasing by 79 percent from 1990 to 2019 globally, according to an analysis published in BMJ Oncology last year.

Scientists are stumped as to the cause of the uptick, blaming everything from antibiotics to obesity and even a type of fungus.

A US$-25million global probe has also been launched to attempt to track down the causes.

Young patients diagnosed with colon cancer include Evan White, 24, from Dallas whose tumor was not detected until it had progressed to stage three when the cancer is harder to treat.

He had been on track to marry his girlfriend and move to California, but he died after a four-year battle with the disease.

Others include Marisa Maddoz, a paralegal from Delaware, who was diagnosed with the disease at the age of 29 years.

She told DailyMail.com that treatment for the cancer has left her unable to have another child.

Kate Middleton, 42, bravely revealed last month that she had also been diagnosed with cancer following abdominal surgery.

She has not revealed the type of cancer that doctors detected, but her comments prompted an outpouring of support and inspired some cancer survivors to share their stories.

Previous studies have suggested patients with more Fusobacteriums in their guts consume more processed meats sausages, bacon and jerky refined grains such as white rice, couscous and cornflakes and carbonated beverages.

They also consume more red meat, such as steaks, pork chops and beef mince.

And eat less white meat, such as chicken, and fewer fruits, nuts, vegetables and beans.

For Clostridium, studies suggest people who consume high-fat diets such as a lot of fast food are more likely to have outbreaks of this bacteria in their gut.

This group includes the bacteria C. difficile, which causes painful blooms in nearly 500,000 Americans every year triggering symptoms including diarrhea.

Scientists say consuming a diet low in fiber, such as lacking in grains, fruits and vegetables, raises the risk of this bacteria's population surging in the gut.

Taking antibiotics can also cause this bacteria to proliferate, they said, because the drugs also kill off healthy bacteria in the colon.

Revealing the study, Dr Weizhong Tang said: 'Our new work contributes to the growing body of evidence highlighting the significance of microbiota-driven mechanisms in cancer pathogenesis.

'Understanding the specific associations between different types of KRAS mutations and colon cancer is vital.'

In the paper, published in Microbiology Spectrum, the scientists also found that Bifidobacteriums could help to prevent the progression of colon cancer.

The bacteria break down dietary fibers to produce butyrate, which has been shown to have anti-inflammatory and anti-cancer effects.


And a high population of these bacteria is linked to consuming more garlic, leeks and onions among other vegetables.

In the paper, the researchers also revealed they had tried to make a machine learning model that could use the study results to give personalized treatment recommendations but they said more work was needed.

Several studies have also previously suggested that imbalances in the gut microbiome could be behind colon cancer.

**Mail Online**

# ဆေးလိပ်ဖြတ်ချင်လို့၊ စတိုင်ကျချင်လို့ သုံးနေကြတဲ့ အီး-စီးကရက်များကလည်း ဆိုးကျိုးကြီးပါတယ်



## ထက်မြတ်

မိမိတွင် သူငယ်ချင်းတစ်ယောက်ရှိ၏။ သူက လူပျိုပေါက်အရွယ်ကတည်းက ဆေးလိပ်ကိုနှစ်ခြိုက်စွာသောက်လာသူဖြစ်သည်။

အဲဒီအချိန်တုန်းက အခုလိုမျိုးအင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးမပြုကြသေးတော့ ဆေးလိပ်နဲ့ပတ်သက်ပြီး ဆိုးကျိုးကိုသိသူနည်းသည်။ အခုအချိန်မှာတော့ ဆေးလိပ်ရဲ့ဆိုးကျိုးကို ကောင်းကောင်းကြီးသိလာကြပြီဖြစ်သည်။

မိမိသူငယ်ချင်းလည်း ဆိုးဝါးလှတဲ့ အဆုတ်ရောဂါနဲ့သေဆုံးရမှာကို ကြောက်လာသည်။ ဒီအတွက်ကြောင့် ဆေးလိပ်ဖြတ်တော့မည်ဟု ဆိုလာသည်။

သို့သော် ဆေးလိပ်ဆိုသည်မှာကား လွယ်လင့်တကူဖြတ်လို့ရသောအရာမဟုတ်။ နှစ်ပေါင်းများစွာကြာ ဆေးလိပ်သောက်လာသူအတွက်ဆိုလျှင် ဆိုဖွယ်ရာမရှိတော့။

တချို့က ဆေးလိပ်ဖြတ်သည်ဟု ကွမ်းစားကြသည်။ နောက်တော့ ကွမ်းစားတာကိုပါစွဲသွားကြသည်။ ဆေးလိပ်သောက်တာလည်း မပြတ်တော့ပေ။

ဒီကနေ့ခေတ်မှာ ဆေးလိပ်အစားထိုးအသုံးပြုနိုင်သည့် အီး-စီးကရက်များ မှိုလိုပေါ်ပေါက်လာသည်။ ရောင်းချသူများကလည်း သူတို့ရဲ့ပစ္စည်းကို အကောင်းဆုံးဟုဆိုကာ ညွှန်းလာကြသည်။

မိမိသူငယ်ချင်းမှာ အလှအပကိုကြိုက်သောကြောင့် ကွမ်းတော့မစား။ ဒါပေမဲ့ လူငယ်အများအပြား အီး-စီးကရက်သောက်လာသည်ကိုမြင်တော့ သူလည်းစမ်းသပ်ကြည့်ချင်လာသည်။

တိုတိုပြောရလျှင် သူဆေးလိပ်ပြတ်သွားသည်။ သို့သော်လည်း အီး-စီးကရက်ကိုတော့ စွဲစွဲမြဲမြဲသောက်လာဖြစ်ပြန်သည်။ အချိန်အားဖြင့်ဆိုလျှင် ၅ နှစ်၊ ၆ နှစ်လောက်ရှိမည်ထင်သည်။ ဟိုတစ်နေ့ကတော့ သူချောင်းတွေဆိုးပြီး ဆေးခန်းသွားပြလိုက်ရသေးသည်။ မိမိက အဖော်အဖြစ်လိုက်သွားရသည်။

ဆရာဝန်က သူ့ကိုဆေးလိပ်သောက်လားဟုမေးသည်။ သူက သူဆေးလိပ်မသောက်တော့ကြောင်း၊ ဆေးလိပ်ပြတ်သွားတာကြာပြီဖြစ်ကြောင်းပြောသည်။

ဆရာဝန်က သူ့ကို အီး-စီးကရက်သောက်သေးလားဟုမေးသည်။ သူကလည်း အမှန်အတိုင်းပဲပြန်ပြောသည်။ ဒီနောက် ဆရာဝန်က သူ့ကိုဓာတ်မှန်ရိုက်ခိုင်းလိုက်သည်။

ဓာတ်မှန်ရလာတော့ ဆရာဝန်ကစိတ်မကောင်းစွာနဲ့ပဲ သူ့ရဲ့ဆေးစစ်ချက်အဖြေကိုပြောပြလိုက်ရသည်။ သူ့ရဲ့ အဆုတ်တစ်ခြမ်းက အလုပ်ကောင်းကောင်းမလုပ်နိုင်တော့ဘူးဆိုတာကိုလည်း သိလိုက်ရသည်။

သူဆေးလိပ် ဖြတ်လိုက်ရဲ့သားနဲ့ ဘာကြောင့်ဒီလောက်အထိဖြစ်သွားရတာလဲဆိုတာကို သူနားမလည်နိုင်ပြီ။ ဆရာဝန်က သူ့ကို နားလည်အောင်ပြန်ဖြေပေးတာကို မိမိကြားလိုက်ရသည်။ အကြောင်းရင်းမှာမူကား အီး-စီးကရက်များကို စွဲစွဲမြဲမြဲသောက်လာခြင်းကြောင့်ပင်ဖြစ်သည်။

အီး-စီးကရက်ဆိုတာ လူငယ်တွေကြားထဲမှာ တော်တော်လေးကိုရေပန်းစားသည့် စွဲလမ်းစေတတ်သောအရာတစ်ခု ဖြစ်လာသည်မှာ တော်တော်ကြာနေပြီဖြစ်သည်။

ကနေဒါနိုင်ငံရဲ့လေ့လာမှုအရဆိုလျှင် အသက် ၂၀ မှ ၂၄ နှစ်အတွင်းရှိသူ ၁၀ ဦးမှာ တစ်ဦးက အီး-စီးကရက်ကိုသောက်နေသည်။ အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းရှိသူ ၁၅ ဦးမှာ တစ်ဦးက အီး-စီးကရက်ကို နေ့စဉ်စွဲစွဲမြဲမြဲသောက်လာသည်ဟုတွေ့ရသည်။

သူတို့အနေနဲ့ အီး-စီးကရက်ကို စွဲစွဲမြဲမြဲသောက်လာရသည့်အကြောင်းရင်းတစ်ရပ်မှာ တိုကိုဖီရောနဲ့ တိုကိုဖီရောအက်ဆီတိတ်တို့ပါဝင်မှုကြောင့်ဖြစ်သည်။ သူတို့အားလုံးက အဆုတ်ကိုပျက်စီးစေသည့်ချည်းသာဖြစ်သည်။

အီး-စီးကရက်ကိုအပူပေးပြီးရှူသွင်းလိုက်တဲ့အခါ တိုကိုဖီရောဒြပ်ပေါင်းက အဆုတ်ထဲမှာရှိတဲ့ ပရိုတိန်းအမြှေးပါးလေးထဲကိုဝင်ရောက်သွားသည်။

အဲဒီအမြှေးပါးဆိုတာက အောက်ဆီဂျင်နဲ့ကာဗွန်ဒိုင်အောက်ဆိုက်အပြန်အလှန်လည်ပတ်မှုကိုဖြစ်ပေါ်စေတဲ့မျက်နှာပြင်ကို အုပ်ထားတာဖြစ်ပြီး အသက်ရှူနေစဉ်မှာ အဆုတ်ရဲ့မျက်နှာပြင်တင်းမာမှုကိုလည်း တည်ငြိမ်အောင်ထိန်းညှိပေးသည့်အရာဖြစ်သည်။

ဒီလိုအရေးပါသည့် အမြှေးပါးထဲမှာ တိုကိုဖီရောဒြပ်ပေါင်းဝင်ရောက်သွားတဲ့အခါ ရလာတဲ့ရလဒ်ကလည်း ကောင်းကျိုးဖြစ်စရာမရှိတော့ပေ။

အမြှေးပါးရဲ့ဂုဏ်သတ္တိများပြောင်းလဲသွားတာနဲ့အမျှ အောက်ဆီဂျင်နဲ့ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ အလဲအလှယ်လုပ်နိုင်စွမ်းကလည်း ပြောင်းလဲသွားရသည်။

ဒါ့အပြင် အဆုတ်မျက်နှာပြင်ရဲ့တင်းမာမှုက ပြောင်းလဲသွားပြီဆိုတာနဲ့ အသက်ရှူမှုဆိုင်ရာလုပ်ငန်းရဲ့ သက်ရောက်မှုကလည်း ပြောင်းလဲသွားရပြန်သည်။

ဒါတွေအားလုံးကိုပေါင်းစပ်လိုက်တဲ့အခါမှာတော့ ဒီပြောင်းလဲမှုတွေကြောင့် အီး-စီးကရက်ကိုသောက်သူများမှာ အသက်ရှူကြပ်လာရခြင်းဖြစ်သည်။

တချို့ကလည်း အီး-စီးကရက်တွင်ပါဝင်သည့်ပစ္စည်းများမှာ ဆေးဝါးကွပ်ကဲမှုအဖွဲ့ကအတည်ပြုပေးထားသည့်ပစ္စည်းများဖြစ်သည်ဟုဆိုလာနိုင်သည်။ သို့သော် အငွေ့ထွက်စေဖို့အထိ အပူပေးလိုက်ရတဲ့အခါ ထိုပါဝင်ပစ္စည်းများ၏ ဂုဏ်သတ္တိများကလည်း ပြောင်းလဲသွားရခြင်းဖြစ်သည်။


ဒါကြောင့် လူငယ်များသာမက သက်လတ်ပိုင်းများအနေဖြင့် ဆေးလိပ်ဖြတ်ချင်တာကြောင့်၊ စတိုင်ကျချင်တာကြောင့် အီး-စီးကရက်များကိုဆက်သောက်မှာလား။ ကိုယ့်ရဲ့ရေရှည်ကျန်းမာရေးအတွက် အီး-စီးကရက်သောက်တာကိုဖြတ်မှာလားဆိုတာ ကိုယ်တိုင်ရွေးချယ်လျှောက်လှမ်းရမည့်လမ်းပင်ဖြစ်ပေတော့သည်။

*Ref: SciTech*

---

**ဝါရှင်တန်၊ စစ်ရေး**

# ဂါဇာ၌အရပ်သားသေဆုံးမှုများရှိနေသော်လည်း အမေရိကန်ကအစ္စရေးကို လက်နက်ထောက်ပံ့မှုမရပ်တန့်လို



ဂါဇာကမ်းမြောင်ဒေသ၌ အရပ်သားသေဆုံးမှုများရှိနေသော်လည်း အမေရိကန်အစိုးရအနေဖြင့် အစ္စရေးကိုလက်နက်ထောက်ပံ့မှုရပ်တန့်လိုခြင်းမရှိကြောင်းသိရသည်။

အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ အရပ်သားအများအပြားသေဆုံးမှုအပေါ် အမေရိကန်က နှုတ်အားဖြင့်သတိပေးစကားပြောသော်လည်း လက်နက်ထောက်ပံ့ပေးခြင်းကို ရပ်တန့်ရန်ဆန္ဒမရှိကြောင်း အမေရိကန်အစိုးရကပြောသည်။

အစ္စရေးအနေဖြင့် ဟားမတ်တို့နှင့်ဖြစ်ပွားနေသောစစ်ပွဲအတွင်း အရပ်သားသေဆုံးမှုနည်းပါးအောင်လုပ်ဆောင်ရန် ဂျိုးဘိုင်ဒင်ကတိုက်တွန်းထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် ဂါဇာသို့ပေးပို့သောထောက်ပံ့ရေးယာဉ်တန်းကို အစ္စရေးတို့ကတိုက်ခိုက်မှုကြောင့် နိုင်ငံတကာမှ ထောက်ပံ့ရေးကိုယ်စားလှယ်ခုနစ်ဦးသေဆုံးပြီးနောက် ဂျိုးဘိုင်ဒင်က နေတန်ယာဟုကို ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုတွင် အစ္စရေးက အမေရိကန်နိုင်ငံထုတ်စစ်လက်နက်ပစ္စည်းများ အသုံးပြုခဲ့ခြင်းရှိ၊ မရှိကိုမူ တိတိကျကျမသိရကြောင်း အမေရိကန်နိုင်ငံတော်လုံခြုံရေးအကြံပေး ဂျွန်ခါဘီကပြောထားသည်။

ဂျိုးဘိုင်ဒင်အစိုးရက ကွန်ဂရက်၏အတည်ပြုမှုမည်သို့ပင်ရှိသည်ဖြစ်စေ အစ္စရေးသို့လက်နက်ထောက်ပံ့မှုကို ရပ်တန့်နိုင်သည့်အာဏာရှိကြောင်း အမေရိကန်ဒေသတွင်းသတင်းဌာနတစ်ခုကဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလ ၇ ရက်ကစတင်ဖြစ်ပွားသော အစ္စရေး-ဟားမတ်စစ်ပွဲအတွင်း ပါလက်စတိုင်းပြည်သူ ၃၂၉၁၆ ဦးမှာ အစ္စရေးတို့၏တိုက်ခိုက်မှုများကြောင့်သေဆုံးရကြောင်း ဂါဇာရှိကျန်းမာရေးတာဝန်ရှိသူများကထုတ်ပြန်ထားသည်။

*Ref: Sputnik*

ဝါရှင်တန်၊ စီးပွားရေး

# အမေရိကန်၌ ပြည်သူ ငါးဦးလျှင် တစ်ဦးက အစားအစာလျှော့စားလာရ

လက်ရှိဖြစ်ပေါ်နေသော အိမ်သုံးစရိတ်များမြင့်တက်နေမှု၊ ငွေကြေးကျုံ့မှုများကြောင့် အမေရိကန်ပြည်သူ ငါးဦးလျှင် တစ်ဦးက အစားအစာများကိုလျှော့ချစားသုံးလာရကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

အိမ်ပိုင်ရှင်များနှင့်အိမ်ငှားသူများအနက် ၅၀ ရာခိုင်နှုန်းက ၎င်းတို့၏အိမ်ရာစရိတ်များအတွက် ငွေပေးချေရန်အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ဆီယက်တဲအခြေစိုက်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီဖြစ်သည့် Redfin ၏စစ်တမ်းကောက်ယူထုတ်ပြန်မှုတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် စစ်တမ်းတွင်ပါဝင်သူအများစုကလည်း ၎င်းတို့အနေဖြင့် မြင့်တက်လာသောငွေကြေးဖောင်းပွမှုဖိအားများကိုရင်ဆိုင်နိုင်စေရန် စွန့်လွှတ်မှုအချို့ကိုလုပ်နေရသည်ဟုဖြေထားသည်။

ထိုသို့သောစွန့်လွှတ်မှုများတွင် ၂၂ ရာခိုင်နှုန်းက အစားအစာများကိုလျှော့စားခြင်း၊ ၂၀ ရာခိုင်နှုန်းက ၎င်းတို့၏ပိုင်ဆိုင်မှုများကိုရောင်းချရခြင်းနှင့် ၃၇ ရာခိုင်နှုန်းက အချိန်ပိုများ သို့မဟုတ် နောက်ထပ်အလုပ်များကိုလုပ်ရခြင်းတို့ပါဝင်သည်။

အလားတူ အမေရိကန်ရှိပြည်နယ်အများအပြား၌ အိမ်ရာဈေးနှုန်းများနှင့် အိမ်ရာငှားရမ်းခများ သိသိသာသာမြင့်တက်လာသည့်အပြင် အပေါင်အတိုးနှုန်းထားများကလည်း ၂၃ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိလာသည်။

ယခုပြုလုပ်သည့်စစ်တမ်းအရ ယေဘုယျအားဖြင့် အိမ်ထောင်စုတစ်ခု၏တစ်နှစ်စာဝင်ငွေသည် ဒေါ်လာ ၃၀၀၀၀ ခန့်သာရှိကြောင်း၊ ထိုပမာဏသည် အလယ်အလတ်တန်းစားအိမ်တစ်လုံးကို ဝယ်ရန်လိုအပ်သည့်ပမာဏအောက်သာရှိကြောင်း သိရသည်။

*Ref: RT*



ဂျေရုဆလင်၊ နိုင်ငံရေး

# အီရန်နှင့် မည်သည့်အခြေအနေမျိုးအတွက်မဆို အစ္စရေးကအသင့်ရှိ



အီရန်နှင့်ဖြစ်ပွားလာနိုင်သော မည်သည့်အခြေအနေမျိုးအတွက်မဆို အစ္စရေးကအသင့်ရှိကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ဧပြီလ ၇ ရက်တွင်ပြောသည်။

ကာကွယ်ရေးဝန်ကြီး ယိုအက်ဂါးလန့်က စစ်ဘက်အရာရှိကြီးများ၊ ထောက်လှမ်းရေးတာဝန်ရှိသူများနှင့် စစ်ဆင်ရေးအခြေအနေသုံးသပ်ချက်အစည်းအဝေးတွင် ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။

အစ္စရေးအစိုးရသည် ယခုသီတင်းပတ်တွင် စစ်ဘက်ကို အမြင့်ဆုံးအဆင့်တပ်လှန့်မှုလုပ်ဆောင်ထားပြီး တိုက်ပွဲဝင်တပ်ဖွဲ့များကိုလည်း ခွင့်သွားခွင့်ခေတ္တရပ်ဆိုင်းကာ လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း အမြင့်ဆုံးအဆင့်အသင့်ပြင်ဆင်ထားသည်။

ဆီးရီးယားနိုင်ငံရှိ အီရန်ကောင်စစ်ဝန်ရုံးကို အစ္စရေးတို့ကတိုက်ခိုက်မှုကြောင့် အီရန်စစ်ဘက်ထိပ်တန်းအရာရှိကြီးအချို့ သေဆုံးသွားပြီးနောက် အီရန်နှင့်အစ္စရေးတို့ကြားစစ်ဖြစ်မည့်အလားအလာများဖြစ်ပေါ်နေခြင်းဖြစ်သည်။

သံတမန်အဆောက်အအုံအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို မကြုံဖူးသည့်ဖြစ်စဉ်အဖြစ်သတ်မှတ်ကြောင်းနှင့် ပြင်းထန်စွာလက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်ထိပ်တန်းတာဝန်ရှိသူများကပြောသည်။

အီရန်အနေဖြင့် ၎င်းတို့ပြောထားသည့်အတိုင်း လက်တုံ့ပြန်တိုက်ခိုက်မှုများလုပ်ဆောင်လာပါက အစ္စရေးနှင့်ရှက်ကုန်ဖွင့်စစ်ပွဲဖြစ်ပွားမည်ကို အမေရိကန်က စိုးရိမ်ကြောင်းထုတ်ပြန်ထားသည်။


အလားတူ အီရန်နိုင်ငံသည် အစ္စရေးအပေါ် လာမည့်သီတင်းပတ်အတွင်း တိုက်ခိုက်နိုင်ကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုးကား၍ အမေရိကန်သတင်းဌာနများကဖော်ပြထားသည်။

ဟားမတ်၊ ဟစ်ဇဘိုလာနှင့် အခြားသောပါလက်စတိုင်းဘက်လိုက်စစ်သွေးကြွများကို အီရန်နိုင်ငံက ထောက်ပံ့ပေးထားခြင်းဖြစ်သည်ဟု အစ္စရေးကစွပ်စွဲမှုများလုပ်ထားကြောင်းသိရသည်။

*Ref: RT*

ပြုံတက်၊ စစ်ရေး

# အမေရိကန်က အင်ဒို-ပစိဖိတ်ဒေသ၌ SM-6 နှင့် တိုမာဟော့ဒုံးပစ်လောင်ချာများ ဖြန့်ကြက်ချထားမည်



အမေရိကန်အနေဖြင့် မြင့်တက်လာသောခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် SM-6 နှင့် တိုမာဟော့ဒုံးပစ်လောင်ချာများကို အင်ဒို-ပစိဖိတ်ဒေသ၌ ဖြန့်ကြက်ချထားသွားမည်ဖြစ်ကြောင်း ပစိဖိတ်ဒေသ ကြည်းတပ်တပ်မှူးကြီးက ပြောသည်။

အမေရိကန်ကြည်းတပ်အနေဖြင့် တာဝေးပစ်တိကျလက်နက်များကို ထုတ်လုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါပစ်လွှတ်စနစ်အသစ်ဖြင့် ပစ်လွှတ်နိုင်မည့်ဒုံးကျည်များတွင် SM-6 နှင့် တိုမာဟော့ဒုံးကျည်များပါဝင်ကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီးချားစဖလင်းက တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေစဉ် ပြောသည်။

ထိုကဲ့သို့ထုတ်ဖော်ပြောဆိုမှုသည် ယခုနှစ်အတွင်း ဒေသတွင်း၌ဖြန့်ကြက်ချထားမည့် လက်နက်စနစ်များကို ပထမဆုံးအကြိမ် အတည်ပြုလိုက်ခြင်းလည်းဖြစ်သည်။

SM-6 ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၂၄၀ အထိ ပျံသန်းနိုင်ကာ အမြင့်ပျံဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

တိုမာဟော့ဒုံးကျည်မှာမူ ကီလိုမီတာ ၂၅၀၀ အကွာအဝေးရှိပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်နိုင်စေမည့် အနိမ့်ပျံဒုံးကျည် အမျိုးအစားဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ပြီးခဲ့သည့် သီတင်းပတ်တွင် အသံနှုန်းလွန်တာလတ်ပစ် အမြင့်ပျံဒုံးကျည်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်မှုလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လက်ရှိတွင်မြောက်ကိုရီးယား၏ ဒုံးကျည်အားလုံးမှာ လောင်စာခဲအသုံးပြုသည့်အပြင် နျူကလီးယားထိပ်ဖူးကို တပ်ဆင်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အသံနှုန်းလွန်ဒုံးကျည်ဆိုသည်မှာ အသံ၏အမြန်နှုန်းထက် ၅ ဆမြန်သည့်နှုန်းဖြင့် ပျံသန်းနိုင်သောကြောင့် လက်ရှိကမ္ဘာပေါ်တွင် အသုံးပြုနေသော လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ကြားဖြတ်နိုင်ခြင်းမရှိသည့်အပြင် ပျံသန်းမှုလမ်းကြောင်းကိုပြောင်းလဲနိုင်ကာ အနိမ့်ပိုင်းတွင်လည်း ပျံသန်းနိုင်ကြောင်း သိရသည်။

*Ref: Yonhap*

မနီလာ၊ စစ်ရေး

# အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့က တောင်တရုတ်ပင်လယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်

အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့က တောင်တရုတ်ပင်လယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီလ ၇ ရက်တွင်လုပ်ဆောင်ကြောင်း သိရသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းတွင် ရေတပ်သင်္ဘောများနှင့် စစ်လေယာဉ်များပါဝင်ကြောင်းနှင့် စစ်ရေးလေ့ကျင့်ခန်းကို ဖိလစ်ပိုင်နိုင်ငံ အထူးစီးပွားရေးဇုန်အတွင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်က ထုတ်ပြန်ထားသည်။

စစ်ရေးလေ့ကျင့်ရာတွင် ဆက်သွယ်ရေးလေ့ကျင့်ခန်း၊ နည်းဗျူဟာလေ့ကျင့်ခန်းတို့ပါဝင်ကြောင်း၊ ထိုလေ့ကျင့်ခန်းများသည် စစ်ရေးလေ့ကျင့်ခန်းတွင်ပါဝင်သည့် သက်ဆိုင်ရာနိုင်ငံများ၏ စစ်ရေးစွမ်းရည်တိုးတက်စေရန်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့ စစ်ရေးလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် လွတ်လပ်ပြီးပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို ထောက်ပံ့ပေးနိုင်ရန်ဖြစ်ကြောင်း စစ်ရေးလေ့ကျင့်ခန်းတွင်ပါဝင်သည့် လေးနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများက ထုတ်ပြန်ထားသည်။

*Ref: JP*

# လေဖြတ်နိုင်ခြေပိုများသော အခြေအနေများနှင့် ဆောင်ရန် ရှောင်ရန်

*ဒေါက်တာလွင်သန့်*

> “နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရှုရှုပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး လေ့ကျင့်ခန်းပြုလုပ်ပေးသင့်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အထိုင်များတဲ့နေထိုင်မှုပုံစံကြောင့် လေဖြတ်နိုင်ခြေကို မြင့်မားစေတယ်ဆိုတာသိထားသင့်ပါတယ်။ လူပေါင်း ၂၇၀၀၀ ကျော်ကိုလေ့လာခဲ့ရာမှာ သုံးပုံတစ်ပုံက လေဖြတ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမြင့်မားနေတာတွေ့ရပါတယ်။ အဲဒီ ၂၀ ရာခိုင်နှုန်းက လုံးဝလေ့ကျင့်ခန်းမလုပ်သူတွေလို့ သိရပါတယ်…”

တချို့လူတွေမှာ လေဖြတ်နိုင်ခြေပိုများတဲ့အခြေအနေတွေရှိနေတတ်ပါတယ်။ ကိုယ့်မှာ လေဖြတ်နိုင်ခြေရှိတဲ့ အချက်တစ်ခုခုရှိနေမယ်ဆိုရင် သတိထားပြီး ရှောင်ကြဉ်သင့်ပါတယ်။ ရှောင်ကြဉ်လို့မရတဲ့အချက်ရှိသလို ရှောင်ကြဉ်လို့ရတဲ့အချက်တွေလည်းရှိပါတယ်။

လေဖြတ်ခြင်းက သက်ကြီးအမျိုးသားတွေမှာသာ ဖြစ်နိုင်တယ်လို့ ထင်မြင်တာက မှားယွင်းတဲ့အယူအဆတစ်ခုဖြစ်ပါတယ်။ တကယ်တော့ အမျိုးသမီးတွေက အမျိုးသားတွေထက် လေဖြတ်နိုင်ခြေပိုများပါတယ်။ လေဖြတ်ခြင်းကြောင့် သေဆုံးသူရဲ့ ၆၀ ရာခိုင်နှုန်းက အမျိုးသမီးတွေ ဖြစ်နေတာကိုလေ့လာတွေ့ရှိခဲ့ပါတယ်။ လေဖြတ်တာနဲ့ပတ်သက်လို့ အကြောင်းအရာတွေရှာဖွေဖတ်ရှုလေ့လာပြီး ဆင်ခြင်နေထိုင်ဖို့လိုပါတယ်။

အရက်အလွန်အကျွံသောက်သူတွေမှာ သွေးကြောထဲသွေးခဲတာဖြစ်နိုင်ခြေပိုများပါတယ်။ လူလတ်ပိုင်း အရက်အလွန်အကျွံသောက်သူတွေက နှလုံးနဲ့သွေးကြောရောဂါတွေဖြစ်ပွားမှုထက် လေဖြတ်နိုင်ခြေပိုများပါတယ်။ အရက်အနည်းငယ်သာသောက်သူတွေထက် လေဖြတ်နိုင်ခြေ ၃၄ ရာခိုင်နှုန်းပိုများတယ်လို့ ၂၀၁၅ ခုနှစ်က အမေရိကန်နှလုံးရောဂါအဖွဲ့ရဲ့ လေ့လာမှုအရသိရပါတယ်။ အသက် ၅၀-၆၀ အရွယ် အရက်အလွန်အကျွံသောက်သူတွေ ပုံမှန်လူ့သက်တမ်းထက် အသက်ငါးနှစ်ပိုတိုတယ်လို့သိရပါတယ်။

အလုပ်သွားရလို့ တစ်ပတ်လုံးအရက်မသောက်ဘဲ အလုပ်ပိတ်ရက်မှာ အရက်အလွန်အကျွံသောက်တာကလည်း ၁၂ နာရီအတွင်း လေဖြတ်နိုင်ခြေမြင့်မားစေတယ်လို့သိရပါတယ်။ အရက်ကိုရှောင်နိုင်ရင် ကောင်းပေမယ့် ကိုယ်ကမရှောင်နိုင်ဘူးဆိုရင် အလွန်အကျွံမသောက်သင့်ပါဘူး။ ညစာမစားမီမှာ အမျိုးသားဆိုရင်နှစ်ပက်၊ အမျိုးသမီးဆိုရင် တစ်ပက်က ပြဿနာမရှိဘဲ နှလုံးနဲ့သွေးကြောရောဂါတွေကိုကာကွယ်နိုင်ပါတယ်။ ဒါပေမဲ့ အရက်ကစွဲလမ်းမှုဖြစ်စေတာကြောင့် မသောက်တာဘဲကောင်းပါတယ်။ အရက်စွဲရင် အသည်းမှာတင် အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ နာတာရှည်အသည်းရောင်ခြင်း၊ အသည်းမှာအမာရွတ်စွဲထင်ခြင်း၊ အသည်းကြွပ်ဆတ်နာ၊ အသည်းကင်ဆာတို့အပြင် လေဖြတ်စေနိုင်လို့ ရှောင်ကြဉ်သင့်ပါတယ်။

မိသားစုရင်းချာတွေဖြစ်တဲ့ အဖေ၊ အမေ၊ အစ်ကို၊ အစ်မတွေမှာ လေဖြတ်ဖူးရင် တခြားသူတွေထက် ကိုယ့်မှာ လေဖြတ်နိုင်ခြေသုံးပုံတစ်ပုံပိုများနိုင်ပါတယ်။ တချို့တွေမှာ မျိုးရိုးဗီဇမူမမှန်တာက လေဖြတ်နိုင်ခြေမြင့်မားတာကိုတွေ့ရပါတယ်။ ဥပမာပြောရရင် တံစဉ်ပုံ (Sickle cell) ရောဂါရှိသူတွေက တခြားသူတွေထက် လေဖြတ်နိုင်ခြေမြင့်မားတာတွေ့ရပါတယ်။ လူမျိုးအနေနဲ့ အမေရိကလူမည်းတွေက လူဖြူတွေထက် လေဖြတ်နိုင်ခြေပိုများတာကိုတွေ့ရပါတယ်။

မျိုးရိုးဗီဇပြောင်းလဲလို့မရတာကြောင့် ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်မှုပုံစံကိုပြောင်းလဲသင့်ပါတယ်။ ကိုယ်အလေးချိန်ထိန်းသင့်ပါတယ်။ လူတိုင်း BMI ၁၈ ဒသမ ၉ ကနေ ၂၄ ဒသမ ၉ အတွင်းရှိသင့်ပါတယ်။ BMI ဆိုတာ ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့်မီတာ(နှစ်ထပ်ကိန်း)နဲ့ စားလို့ရတဲ့ရလဒ်ဖြစ်လို့ ကိုယ်အလေးချိန်ထိန်းသင့်ပါတယ်။ BMI ၂၅ နဲ့အထက်ဖြစ်နေခဲ့ရင် နှလုံးနဲ့သွေးကြောရောဂါဖြစ်နိုင်ခြေမြင့်မားတယ်လို့သိရပါတယ်။ သွေးဖိအားမြင့်မားတာ၊ အင်ဆူလင်ဟော်မုန်းအာနိသင်မရတာ၊ ထရိုင်ဂလစ်စရိုက် (Triglyceride) မြင့်မားတာ စတာတွေအပြင် ကိုယ်အလေးချိန်များတာကြောင့် ဇီဝရုပ်ဖြစ်ပျက်မှုလည်း နှေးကွေးစေပါတယ်။

လက်ရှိ ကိုယ်အလေးချိန်ရဲ့ ၁၀ ပေါင်လောက် လျှော့ချနိုင်ရင် သွေးဖိအားနဲ့ သွေးတွင်းအဆီဓာတ်တွေလျော့နည်းစေလို့ လေဖြတ်နိုင်ခြေလျော့နည်းစေပါတယ်။ ဆီသုံးရင် မပြည့်ဝဆီ (Unsaturated Fat) ဖြစ်တဲ့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ သံလွင်ဆီတို့ သုံးသင့်ပါတယ်။ အသင့်အမြန်စားအစာတွေဖြစ်တဲ့ ဟမ်ဘာဂါ၊ ဆင်းဒဝှစ်ချ်၊ ပီဇာ၊ အာလူးကြော်နဲ့ လမ်းဘေးမှာရောင်းတဲ့ ထမင်း၊ ဟင်းတို့က ပြည့်ဝဆီနဲ့ပြုလုပ်ထားတာဖြစ်လို့ လူ့ခန္ဓာကိုယ်ထဲ မကောင်းတဲ့အဆီ(LDL-Low Density Lipoprotein) များစေခြင်း၊ ထရိုင်ဂလစ်စရိုက်များစေခြင်းနဲ့အတူ အဆီစုဝေးကာ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးနှင့်သွေးကြောရောဂါ၊ သွေးတိုးရောဂါတို့ဖြစ်စေလို့ အိမ်မှာချက်ပြုတ်စားတာက အဲဒီရောဂါတွေကင်းစင်စေပါတယ်။

ဆေးလိပ်သောက်ခြင်းက လေဖြတ်နိုင်ခြေများတယ်။ ဆေးလိပ်သောက်တာက သွေးကြောနံရံတွေကိုထူထဲစေတာ၊ သွေးလွှတ်ကြောတွေကျဉ်းမြောင်းစေတာ၊ သွေးခဲစေတာ စတဲ့ပြောင်းလဲမှုတွေကိုဖြစ်ပေါ်စေပါတယ်။ ဆေးလိပ်က နီကိုတင်းကိုအခြေခံပြီး ဆေးရွက်ကြီးကနေ ထုတ်လုပ်ထားတာဖြစ်လို့ ကင်ဆာဖြစ်စေတဲ့ဓာတုပစ္စည်း ၄၀ ကျော်နဲ့ တခြားဓာတုပစ္စည်း ၄၀၀၀ ကျော်ပါဝင်လို့ ရှောင်ကြဉ်သင့်ပါတယ်။ ဆေးလိပ်ဖြတ်ရင် အီးစီးကရက်နဲ့မဖြတ်သင့်ပါဘူး။ အီးစီးကရက်က နီကိုတင်းပါဝင်ပြီး ဓာတုရနံ့ထည့်ထားလို့ လူကိုစွဲလမ်းမှုဖြစ်စေပါတယ်။ ဆေးလိပ်သောက်သူ၊ အီးစီးကရက်သောက်သူတွေမှာ သွေးဖိအားမြင့်မားတာ၊ သွေးတွင်းမကောင်းတဲ့အဆီများတာ၊ ကောင်းတဲ့အဆီနည်းစေတာ စတာတွေက လေဖြတ်နိုင်ခြေကိုမြင့်မားစေပါတယ်။

အကောင်းဆုံးဖြေရှင်းနည်းက ဆေးလိပ်ဖြတ်သင့်ပါတယ်။ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရသူတွေက ဆေးလိပ်ငွေ့ကင်းစင်တဲ့ပတ်ဝန်းကျင်မှာ နေထိုင်သူတွေထက် လေဖြတ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းပိုများပါတယ်။ ဆေးလိပ်ဖြတ်ဖို့ခဲယဉ်းနေတယ်ဆိုရင် ပီကေဝါးတာ၊ သကြားလုံးဝါးတာတွေပြုလုပ်ပြီး ရှောင်ရှားနိုင်ပါတယ်။ တဖြည်းဖြည်းချင်းလျှော့သောက်သင့်ပါတယ်။ ကလေးငယ်နဲ့ တခြားသူတွေရှိနေတဲ့ အနီးဝန်းကျင်မှာ ဆေးလိပ်သောက်တာရှောင်သင့်ပါတယ်။ ဆေးလိပ်က အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အစာရေမျိုပြွန်ကင်ဆာနဲ့ ကွမ်းစားသူတွေမှာ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ အသံအိုးကင်ဆာဖြစ်စေလို့ ကွမ်းနဲ့ဆေးလိပ်ဖြတ်သင့်ပါတယ်။ တချို့ကဖြတ်လို့မရဘူးဆိုပြီး ရောဂါဖြစ်မှ ဆရာဝန်ဖြတ်ခိုင်းမှဖြတ်ကြတယ်။

နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရှုရှုပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးလေ့ကျင့်ခန်းပြုလုပ်ပေးသင့်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုမရှိဘဲ အထိုင်များတဲ့နေထိုင်မှုပုံစံကြောင့် လေဖြတ်နိုင်ခြေကို မြင့်မားစေတယ်ဆိုတာသိထားသင့်ပါတယ်။ လူပေါင်း ၂၇၀၀၀ ကျော်ကို လေ့လာခဲ့ရာမှာ သုံးပုံတစ်ပုံက လေဖြတ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းမြင့်မားနေတာတွေ့ရပါတယ်။ အဲဒီ ၂၀ ရာခိုင်နှုန်းက လုံးဝလေ့ကျင့်ခန်းမလုပ်သူတွေလို့သိရပါတယ်။

နှလုံးခုန်နှုန်းမမှန်တဲ့အခါ လေဖြတ်ခြင်းဖြစ်နိုင်ပါတယ်။ နှလုံးခုန်နှုန်းမမှန်တာက သွေးလွှတ်ကြောထဲမှာ သွေးတွေစုအိုင်စေပါတယ်။ ဒါက သွေးခဲဖတ်ဖြစ်ပေါ်မှုကိုအားပေးပြီး သွေးကြောပေါက်ခြင်း၊ သွေးခဲဖတ်က သွေးစီးကြောင်းမှတစ်ဆင့် ဦးနှောက်ဆီရောက်ပြီး နှလုံးရုတ်တရက်တိုက်ခိုက်ခံရခြင်းနဲ့ ဦးနှောက်ရုတ်တရက်တိုက်ခိုက်ခံရခြင်းတို့ဖြစ်စေပါတယ်။ သွေးဖိအားတက်တာကိုမထိန်းချုပ်နိုင်ရင် နှလုံးခုန်နှုန်းမမှန်ဖြစ်ပြီး လေဖြတ်နိုင်ခြေများစေပါတယ်။ သွေးကျဲဆေး(Aspilets) သောက်ပြီး နှလုံးခုန်နှုန်းမမှန်တာမဖြစ်အောင်ကာကွယ်နိုင်ပါတယ်။

သွေးဖိအားမြင့်မားခြင်း(သွေးပေါင်ချိန်မြင့်မားခြင်း)က လေဖြတ်ခြင်းဖြစ်နိုင်ပါတယ်။ သွေးဖိအားမြင့်မားတာက လေဖြတ်နိုင်ခြေများတဲ့ အဓိကအချက်ဖြစ်ပြီး ကာကွယ်လို့ရပါတယ်။ သွေးဖိအားမြင့်မားတဲ့အခါ သွေးကြောနံရံတွေထူပြီးမာကျောလာပါတယ်။ အဲဒါက သွေးကြောထဲ ပိတ်ဆို့မှုတွေဖြစ်စေဖို့အားပေးလို့ သွေးခဲပိတ်ဆို့ပြီး လေဖြတ်နိုင်ခြေမြင့်မားစေပါတယ်။ ပုံမှန်သွေးကျဆေး၊ သွေးထိန်းဆေး(Amlodipine 5 mg )ကို မနက်စာစားပြီးနဲ့ ညစာစားပြီးချိန်တွေမှာ ပုံမှန်သောက်ပေးရင် သွေးတိုးတာကို ထိန်းပေးနိုင်ပါတယ်။

သွေးဖိအား ပုံမှန်ရှိ၊ မရှိ သွေးပေါင်ချိန် နေ့စဉ်တိုင်းတာဖို့လိုပါတယ်။ တစ်နှစ်နဲ့တစ်နှစ်၊ တစ်ရက်နဲ့တစ်ရက် သွေးပေါင်ချိန်(သွေးဖိအား) နှိုင်းယှဉ်ကြည့်သင့်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ရဲ့အဆိုအရ သွေးပေါင်ချိန်တိုင်းလိုက်တိုင်း အပေါ်သွေး ၁၄၀၊ အောက်သွေး ၉၀ မီလီမီတာ ပြဒါးထက်ကျော်လွန်တဲ့အခြေအနေအားလုံးကို သွေးတိုးရောဂါလို့သတ်မှတ်ပါတယ်။ သွေးဖိအားပုံမှန်ဖြစ်စေဖို့ သစ်သီးနဲ့ဟင်းသီးဟင်းရွက်တွေစားသုံးတာ၊ ဆားလျှော့စားတာလုပ်ပြီး လိုအပ်ပါက ဆရာဝန်ညွှန်ကြားချက်နဲ့အညီ Amlodipine 5 mg တစ်ကြိမ် သောက်သုံးသင့်ပါတယ်။ သောက်သုံးနေရတဲ့ဆေးဝါးတွေရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်လား၊ တခြားရောဂါတွေရဲ့လက္ခဏာကြောင့်လားဆိုတာသိရှိဖို့အတွက် ဆရာဝန်နဲ့ပြသတိုင်ပင်ဖို့လိုအပ်ပါတယ်။ မိမိဘာသာ သွေးပေါင်ချိန်စက်ဝယ်ယူပြီး သွေးပေါင်ချိန်ကြသူတွေအနေနဲ့ သွေးတိုး ရှိ၊ မရှိ သေချာအောင် ဆရာဝန်ထံပြသစစ်ဆေးပြီးမှသာ ဆေးသောက်တာကို ပြုလုပ်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

ရေတ်ကောင်း၊ စိုက်ပျိုးရေး

# ရေတ်ကောင်းမြို့၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၉၈ ဧက နုတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ရေတ်ကောင်းမြို့၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၉၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်၏ပြောကြားချက်အရ သိရသည်။

ရေတ်ကောင်းမြို့၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၃၅၉၈ ဧက လျာထားစိုက်ပျိုးခဲ့ပြီး အဆိုပါမြေပဲများကို ဖေဖော်ဝါရီလဒုတိယပတ်က စတင်နုတ်သိမ်းရာ လက်ရှိတွင် မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ နုတ်သိမ်းပြီးစီးပြီဖြစ်သော မြေပဲ တစ်ဧကလျှင် ၆၁ ဒသမ ၈၁ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

“ရေတ်ကောင်းမြို့မှာ ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီက စုစုပေါင်း မြေပဲ ၃၅၉၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့မြေပဲတွေကို နုတ်သိမ်းနေတာ လက်ရှိမှာ ဧကအားလုံး နုတ်သိမ်းပြီးဖြစ်ပါတယ်။ မြေပဲတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့လို့လည်း မြေပဲဧကအားလုံးစိုက်ပျိုး၊ နုတ်သိမ်းနိုင်တာပါ”ဟု ဦးထွန်းမျိုးသန့်ကပြောသည်။

ရေတ်ကောင်းမြို့၌ မြေပဲများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် တခြားလိုအပ်သည့်အရာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါမြေပဲကို တစ်ဧကချင်း အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်ပျိုးပြီးမြေပဲများကို ဖျက်ပိုးများကျရောက်မှုမရှိစေရန်၊ အရည်အသွေးကောင်း မြေပဲများထွက်ရှိစေရန် နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ရန်ကုန်၊ တိရစ္ဆာန်ထိန်းသိမ်းရေး

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ တိရစ္ဆာန်အစာကျွေးမွေးလှူဒါန်းလိုသူများအတွက် Feeding Program စီစဉ်ပေးထား

ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ တိရစ္ဆာန်အကောင်ရေပေါင်း ၁၃၆၀ ကျော်ရှိပြီး တိရစ္ဆာန်အစာကျွေးမွေးလှူဒါန်းလိုသူများအနေဖြင့် Feeding Program အစီအစဉ်မှ မိမိတို့အဆင်ပြေရာ Package အလိုက် ကျွေးမွေးနိုင်ရန် စီစဉ်ပေးထားကြောင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထွန်း၏ပြောကြားချက်အရ သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက်လည်ပတ်ကြသော ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အပင်များ၊ ကျေးငှက်များ၊ သားရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်၍ ဗဟုသုတရရှိစေရန်နှင့် သားရိုင်းတိရစ္ဆာန်များအား မျိုးဆက်ပြန့်ပွားပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် စီစဉ်ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

"တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို လာရောက်လည်ပတ်သူတွေအနေနဲ့ မိမိတို့ရဲ့ မွေးနေ့တွေ၊ တခြားအမှတ်တရနေ့တွေမှာ တိရစ္ဆာန်အစာ ကျွေးမွေးလှူဒါန်းချင်တယ်ဆိုရင် လာလှူလို့ရပါတယ်။ မိမိတို့နှစ်သက်ရာတိရစ္ဆာန်တွေ ဥပမာ- ကျားဖြူကိုကျွေးချင်တယ်၊ ဆင်ကိုကျွေးချင်တယ်ဆိုရင်လည်း သီးသန့်ကျွေးလို့ရပါတယ်။ Feeding Program အစီအစဉ်ထဲက မိမိတို့အဆင်ပြေရာ Package အလိုက် ကျွေးမွေးလှူဒါန်းချင်ရင်လည်း စီစဉ်ဆောင်ရွက်ပေးပါတယ်။ လှူဒါန်းသူဆီကနေ အလှူငွေကိုလက်ခံပြီးတော့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကနေ အစာစီစဉ်ပေးပါတယ်" ဟု ဦးသန်းမြင့်ထွန်းကပြောသည်။

Feeding Program အစီအစဉ်အရ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်းရှိ အသီးအရွက်စားသတ္တဝါများကို တစ်ရက်စာကျွေးမွေးမှုအတွက် ငွေကျပ် ခြောက်သိန်း၊ အသားစားသတ္တဝါများကို တစ်ရက်စာကျွေးမွေးမှုအတွက် ငွေကျပ် ကိုးသိန်းနှင့် အသီးအရွက်စားနှင့် အသားစားသတ္တဝါအားလုံးကို တစ်ရက်စာကျွေးမွေးမှုအတွက် ငွေကျပ် ၁၅ သိန်း အသီးသီးသတ်မှတ်ထားပြီး အလှူရှင်များ၏အမည်များကို



မှတ်တမ်းတင်ထားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်မည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ တစ်ရက်လျှင် လာရောက်လည်ပတ်သူဦးရေ ၁၀၀၀ ကျော်ရှိပြီး စနေ၊ တနင်္ဂနွေကဲ့သို့ အစိုးရရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူဦးရေ ၃၀၀၀ နှင့် ၅၀၀၀ ကြားရှိကြောင်းနှင့် အခါကြီးရက်ကြီးပွဲတော်ရက်များတွင် လာရောက်လည်ပတ်သူဦးရေ ၅၀၀၀ ကျော်အထိရှိကြောင်း သိရသည်။ **ဆောင်းဦး**

ကျိုက်လတ်၊ လူမှုရေး

# ကုန်မျိုးစုံရောင်းချနေသောဆိုင်များ၌ ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေးစစ်ဆေး



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များ၌ ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီရေး လိုက်လံစစ်ဆေးခြင်းကို ဧပြီလ ၇ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမိုးမင်းသန်းဦးဆောင်သော တာဝန်ရှိသူများက ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးအတွင်းရှိ ကုန်မျိုးစုံရောင်းချနေသောဆိုင်များ၌ ရောင်းချနေသောကုန်ပစ္စည်းများတွင် စားသုံးသူကာကွယ်ရေးဥပဒေအရ သတ်မှတ်ထားသော ကုန်အညွှန်းအမှတ်အသားဖော်ပြထားသည့် ကုန်ပစ္စည်းများရောင်းချခြင်းရှိ၊ မရှိစစ်ဆေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ထားသော အချက်ခုနစ်ချက်ကိုလိုက်နာကြရန် အသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ စစ်ဆေးရန်ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများရှိ အလှကုန်ဆိုင်၊ ကုန်မျိုးစုံဆိုင်နှင့် စတိုးဆိုင်များကိုလည်း ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **လှိုင်မင်းအောင်**

ရန်ကုန်၊ သဘာဝဓာတ်ငွေ့

# သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးသုံးခုရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၃၇ ဆိုင်ကို နေ့စဉ်ဖွင့်လှစ်ပေးမည်

သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးသုံးခုရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၃၇ ဆိုင်ကို နေ့စဉ်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန (ရန်ကုန်)မှ သိရသည်။

သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်အနက် ၃၄ ဆိုင်ကို ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၌ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီး၌ နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီး၌ သုံးဆိုင် စုစုပေါင်း ၄၆ ဆိုင်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၌ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် နှစ်ဆိုင်ရှိသည့်အနက် တစ်ဆိုင်နှင့် မကွေးတိုင်းဒေသကြီး၌ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် သုံးဆိုင်အနက် နှစ်ဆိုင်ကို နေ့စဉ်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ယခင်နှစ်သင်္ကြန်ကာလက မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၁၅ ဆိုင်အထိ ရပ်နားထားခဲ့ကြောင်း သိရသည်။ **ခင်မောင်တင်**

ပွင့်ဖြူ၊ စိုက်ပျိုးရေး

# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၁၂၈၇ ဧက စိုက်ပျိုးရန်လျာထားဆောင်ရွက်ပြီး ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိတွင် ၁၀၅၁၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ၃၁၂၈၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၁၀၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေနဲ့ မျိုးကောင်းမျိုးသန့်ရရှိစေဖို့ တောင်သူတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီပေးနေပါတယ်။ တောင်သူတွေ စိုက်နည်းစနစ်တွေမှန်ကန်အောင်စိုက်ပျိုးကြဖို့ တွန်းအားပေးဆောင်ရွက်သလို အထွက်နှုန်းကောင်းတဲ့ ဆာဖိုးသာစပါးမျိုးစေ့တွေကိုလည်း ပံ့ပိုးကူညီပေးထားပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးစိုက်ပျိုးစွမ်းအားတိုးတက်စေရန်ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် ဆက်စပ်ဌာနများက နွေသီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး သီးနှံအထွက်နှုန်းတိုးတက်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရရှိစေရေးအပြင် မြေဆီလွှာကောင်းမွန်စေရေး သဘာဝမြေဆွေး၊ မြေဩဇာနှင့် သဘာဝပိုးသတ်ဆေး စသည့်စိုက်ပျိုးရေးသွင်းအားစုများကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲနည်းများကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေစပါး ၃၁၂၈၇ ဧက၊ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာတွင် နွေနှမ်း ၃၇၃၄၈ ဧက စုစုပေါင်း နွေသီးနှံ ၆၈၆၃၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

သဲကုန်း၊ သာသနာရေး

# (၂၆)ကြိမ်မြောက် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာအောင်သံဃာများအား စာအောင်ဆုဆက်ကပ်ပွဲကျင်းပ



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် သံဃနာယကအဖွဲ့မှ ဦးစီးကျင်းပသော (၂၆)ကြိမ်မြောက် ဓမ္မာစရိယနှင့်ပါဠိပထမပြန် စာအောင်သံဃာများအား စာအောင်ဆုဆက်ကပ်ပွဲအခမ်းအနားကို ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် ရပ်ကွက်(၁)ဘုရားကြီးလမ်းရှိ သာရမဏ္ဍသာမိုးကောင်းဘုရားဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ မြို့သစ်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဦးဩဘာသ ထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သဲကုန်းမြို့ ကန်ဦးကျောင်းတိုက် မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဦးတေဇနိယက ဆုနှင်းသဘင်ပွဲဆိုင်ရာအချက်အလက်များကို လျှောက်ထားတင်ပြသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် မြို့နယ်သာသနာရေးမှူး ဦးစိုင်းဝင်းသိန်းတို့က သာသနာတော်ဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သော အခြေပြုမူလတန်းအောင်ရှင်သာမဏေ ၂၂ ပါး၊ ပထမငယ်တန်းအောင်သံဃာတော် ရှစ်ပါး၊ ပထမလတ်တန်းအောင် သံဃာတော်တစ်ပါး၊ ပထမကြီးတန်းအောင် သံဃာတော်တစ်ပါး၊ တစ်ကျမ်းစွဲသံဃာတော်တစ်ပါး၊ နှစ်ကျမ်းစွဲသံဃာတော် လေးပါး၊ ဓမ္မာစရိယကျမ်းပြီးသံဃာတော် ၇ ပါး စုစုပေါင်း ၄၄ ပါးတို့အား ဂုဏ်ပြုဆုများပူဇော်ဆက်ကပ်၍ မြို့နယ်သံဃနာယကဆရာတော်များနှင့်ကြီးကြပ်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

ကြို့ပင်ကောက်၊ လူမှုရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သည့် အိုးဘိုစုကျေးရွာအတွက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ပြန်လည်ထုတ်ချေးခြင်းအခမ်းအနားကို ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့်စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့်လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် အိုးဘိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား ၈၆ ဦးအတွက် ငွေကျပ် ၃၈၈ သိန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နေ့ချင်းပြီးထုတ်ချေးပေးကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## Myawady Digital Set Top Box
## ထုတ်နှတ်ရှုမြင်အစီအစဉ်

၈-၄-၂၀၂၄ (တနင်္လာနေ့)

### MWD Variety Channel

၁။ ၁၀း၄၅ ပရိသတ်အတွက် ကဗျာလက်ဆောင်
၂။ ၁၂း၂၈ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၃။ ၁၃း၃၀ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၄။ ၁၄း၃၈ လူငယ်များရဲ့ စွမ်းပကားနိုင်ငံတော်ရဲ့အား
၅။ ၁၆း၁၅ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၆။ ၂၁း၅၃ သတိမမူ ဂူမမြင်

### မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၂၄ (တနင်္လာနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၆ မေတ္တာပို့
၄။ ၇း၂၀ ဓမ္မပူဇာတေး
၅။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆။ ၇း၃၅ မျိုးချစ်တပ်မတော်
၇။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၈း၂၅ သီချင်းလက်ဆောင်
၉။ ၉း၂၅ ကျန်းမာသုတ
၁၀။ ၁၀း၂၅ မေးမြန်းစူးစမ်း
၁၁။ ၁၀း၃၅ သီချင်းလက်ဆောင်
၁၂။ ၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၃။ ၁၂း၀၀ For Beauty
၁၄။ ၁၇း၄၅ နှစ်(၈၀)ကျော်ကြားတေးများ
၁၅။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
၁၆။ **- ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား (အပိုင်း-၂)**
၁၇။ **ညစနာရီသတင်း** နိုင်ငံတကာသတင်း
၁၈။ **အပြီး** မိုးလေဝသသတင်း
၁၉။ Liked
၂၀။ မှတ်တမ်း
၂၁။ တရားတော်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှလျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၇-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၅၀၀ | ၂၆၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၃၂၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၃၂၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၈၀၀-၄၃၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | တောင်ကြီး | ၇၃၀၀ | ၃၅၀၀ | ၂၇၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မုံရွာ | ၇၀၀၀ | ၄၅၀၀ | - | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၈၅၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

ရန်ကုန် ဧပြီ ၇

# (၇)ကြိမ်မြောက် ထိုင်းနိုင်ငံ တက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ကျောင်းသား၊ ကျောင်းသူလူငယ် ၃၀၀၀ ကျော်လာရောက်လေ့လာ

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်း (AMAUT)မှ ကြီးမှူး၍ ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းနိုင်ငံအတွင်းရှိနိုင်ငံတကာအဆင့်မီ တက္ကသိုလ် ၃၂ ခုပါဝင်ပြသသည့် ( ၇ ) ကြိမ်မြောက် ထိုင်းနိုင်ငံ တက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် HND, GED, IGCSE results ရထားပြီး ကျောင်းရွေးချယ်လိုသူများ၊ အထက်တန်းပညာရေး မအောင်မြင်သေးသည့် ကျောင်းသားများအတွက် Foundation Program အကြောင်း လေ့လာလိုသူများ၊ ထိုင်းနိုင်ငံတွင် ကျောင်းတက်ပြီး Dual Program , Exchange Program များနှင့်တခြားနိုင်ငံပညာရေးကို ကူးလိုသူတို့က မေးမြန်းဆွေးနွေးကြသည်။ Scholarships များပေးသည့် ကျောင်းများတွင် Scholarships အတွက် ပြင်ဆင်ရပုံကို မေးမြန်းကြသည်။

ထိုင်းတက္ကသိုလ်များမှ Professors နှင့် တာဝန်ရှိသူများထံမှ မိမိပညာရေးအတွက် Free Consultation များရယူပြီးနောက်ဆုံးပေါ် ပညာရေးလမ်းကြောင်းများ၊ နိုင်ငံတကာ Pathways အမျိုးမျိုးကို တစ်နေရာတည်းမှာ လေ့လာကြသည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ International students with O level၊ A level၊ တက္ကသိုလ်တက်ရောက်နေသူများ၊ မဟာဘွဲ့တက်ရောက်လိုသူများ၊ ပါရဂူဘွဲ့တက်ရောက်လိုသူများအတွက် ပညာသင်ထောက်ပံ့ကြေး Scholarship ပုံစံအမျိုးမျိုးဖြင့်ပညာသင်ယူရန်စိတ်ဝင်စားသူများကိုဆွေးနွေးပြသထားရာ ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့်မိဘများအပါအဝင် လူဦးရေ ၃၀၀၀ ကျော်လာရောက်လေ့လာကြသည်။

ထို့ပြင် ထိုင်းနိုင်ငံတက္ကသိုလ်များသို့ လေ့လာရေးခရီးစဉ်အဖြစ် ဧပြီလ ၂၈ ရက်တွင် ၇ ညအိပ် ၈ ရက် ခရီးစဉ်အဖြစ် ချင်းမိုင်၊ ချင်းရိုင်၊ ဗန်ကောက်မြို့တို့ရှိ တက္ကသိုလ် ကိုးခုသို့ MAI လေကြောင်းလိုင်းဖြင့်သွားရောက်လေ့လာကြမည်ဖြစ်ရာကျောင်းသား၊ ကျောင်းသူလူငယ်များနှင့် မိဘများလိုက်ပါလိုပါကMyanmar Adviosry Services ဖုန်း ( ၀၉၄၂၂၅၂၂၆၂၅ ) သို့ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။

**ဝန်းရံ**

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ချောက် | ၆-၄-၂၀၂၄ | ၄၇.၄ | ၁၁၇.၃ | ၂၄-၄-၁၉၇၈ | ၄၇.၀ | ၁၁၆.၆ | ၅၆ |
| ၂။ | ညောင်ဦး | ၆-၄-၂၀၂၄ | ၄၅.၂ | ၁၁၃.၄ | ၁၉-၄-၂၀၂၃ | ၄၅.၀ | ၁၁၃.၀ | ၅၉ |
| ၃။ | ဟဲဟိုး | ၆-၄-၂၀၂၄ | ၃၇.၈ | ၁၀၀.၀ | ၁၆-၄-၂၀၁၉ | ၃၇.၄ | ၉၉.၃ | ၄၅ |
| ၄။ | လွိုင်လင် | ၆-၄-၂၀၂၄ | ၃၆.၆ | ၉၇.၉ | ၂၃-၄-၂၀၁၀ | ၃၆.၀ | ၉၆.၈ | ၅၇ |

(မိုး/ဧလ)

**ကျောဖုံးမှအဆက်**

ယူရီးယားဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၄၂၃၆ ဧက၊ နှမ်း ၁၄၀၃၅ ဧက၊ နေကြာ ၁၂၂၇ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက၊ မုန်ညင်းစေ့ ၄၃၅ ဧက စုစုပေါင်း ၃၅၂၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

| အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion) | အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat Stroke) |
|---|---|
| ဂနာမငြိမ်ခြင်း | ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း |
| ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း | အရပြောပူ၍ခြောက်သွေ့ခြင်း(သို့)ချွေးခန်းခြောက်ခြင်း |
| ကြွက်တက်ခြင်းနှင့် နှုံးချိပျော့ခွေခြင်း | ကယောင်ကတမ်းဖြစ်ခြင်း |
| အလွန်အမင်းရေဆာခြင်း | သတိလစ်ခြင်း၊ တက်ခြင်း |
| ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း | |

### အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကိုအရိပ်ရအေးမြသောနေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါကယပ်ခတ်ပေးပါ။
- လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓါတ်ဆားရည်တိုက်ပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်လာပါကနီးစပ်ရာဆေးရုံဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(ဧပြီလ၊ ၂၀၂၄)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား |
|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ |

| Fuel (လက်လီဈေးနှုန်း) | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်(စနေနေ့)မှ ဧပြီလ ၁၈ ရက် (ကြာသပတေးနေ့) အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အောက်ရှိ မြို့နယ်များ တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု နှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချ သွားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ( ၁၀.၄.၂၀၂၄ )( ဗုဒ္ဓဟူးနေ့ )

(ခ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - ( ၇.၅.၂၀၂၄ )( အင်္ဂါနေ့ ) ၁၆:၃၀ နာရီအထိ

(ဂ) တင်ဒါတင်သွင်းရမည့် နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက် ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း ရုံးဖုန်း- ၀၉-၂၅၃၆၆၂၉၀၂ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း နိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ပြင်ဦးလွင်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကျပ်(၂၀၀)သန်းအောက် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၂၂-၄-၂၀၂၄ ရက်/ ရုံးချိန်အတွင်း (တနင်္လာနေ့)

(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၃၀-၄-၂၀၂၄ ရက်/(၁၂:၀၀)နာရီ (အင်္ဂါနေ့)

(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၃-၅-၂၀၂၄ ရက်/(၉:၃၀)နာရီ (သောကြာနေ့)

(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း- ၀၈၅-၂၀၂၂၆၄၉ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## သပိတ်ကျင်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သပိတ်ကျင်းခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၁၀-၄-၂၀၂၄ ရက်/ ရုံးချိန်အတွင်း (ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် - ၃၀-၄-၂၀၂၄ ရက်/(၁၅:၀၀)နာရီ (အင်္ဂါနေ့)

(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန သပိတ်ကျင်းခရိုင်

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ၃-၅-၂၀၂၄ ရက်/(၁၀:၀၀)နာရီ (သောကြာနေ့)

(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန သပိတ်ကျင်းခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သပိတ်ကျင်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း- ၀၉-၂၅၆၁၀၀၂၁၇ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၄-၂၀၂၅)

လမ်းဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းဆောင်ရွက်မည့် တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းလုပ်ငန်းအတွက်အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ၊ သံချောင်း၊ ဘိလပ်မြေ၊ တောသစ်၊ ကျောက်ရှယ်စုံ၊ သဲနှင့် ကျောက်ရောမြေတို့အား လုပ်ငန်းခွင်အရောက် လမ်းအလိုက်၊ Lot အလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန် | - | (၂၃-၄-၂၀၂၄)ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် | - | (၇-၅-၂၀၂၄) ရက် (အင်္ဂါနေ့) (၁၅:၀၀)နာရီ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | (၉-၅-၂၀၂၄)ရက် (ကြာသပတေးနေ့) (၀၉:၀၀)နာရီ |
| တင်ဒါလျှောက်လွှာပုံစံရောင်းချတင်သွင်း-စိစစ်ရွေးချယ်မည့်နေရာ | | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့တွင် (၂၃-၄-၂၀၂၄)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၄-၂၃၁၁၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူ နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခရိုင်(၁၄)ခရိုင်အတွင်းရှိ System Improvement လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ထရန်စဖော်မာများ၊ ထရန်စဖော်မာဆက်စပ်ပစ္စည်းများ၊ 400 V ABC Line ပစ္စည်းများ၊ 66kv,33kv ကောင်းကင်ဓာတ်အားလိုင်းပစ္စည်းများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများ ဝယ်ယူရန်နှင့် ချွတ်ယွင်းထရန်စဖော်မာများပြုပြင်ခြင်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၈-၄-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၃၀-၄-၂၀၂၄)ရက်နေ့ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
ဆန်းချစ်ဦး(ဘ)ဦးကြည်ဝင်း ၆/မမန(နိုင်) ၁၄၅၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 529902)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၃**

**ပျောက်ဆုံးကြောင်း**
ဒေါ်မိမိထွန်း(ဘ)ဦးကံထွန်း ၁၂/စခန(နိုင်) ၀၂၂၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၃၃၀၃၀၉**

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ် ဗန်းမော်မြို့နေ နှင်းနှင်းအေး (မိ)ဒေါ်အတ္တရီး နိုင်ငံကူးလက်မှတ်အမှတ်(MI 263723)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၃**

**ပျောက်ဆုံးကြောင်း**
ပိုင်ဟိန်းကျော်(ဘ)ကျော်ဇင်လွင် ၁၂/ ဥကမ(နိုင်)၂၅၇၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၃**

**ပျောက်ဆုံးကြောင်း**
မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ကန္နာ(၄)လမ်း၊ အမှတ်(၃၇၇)နေ ဒေါ်သီတာစိန်(ဘ)ဦးစောစိန်လှ ၁၂/မဂတ(နိုင်) ၀၃၅၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၂၆၆၃၁၉၁**

**အမည်ပြောင်း**
ပဲခူးမြို့၊ ပန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10(B) မှ အဘ ဦးဇင်မင်းထက်၏ သမီး မသုဟန်ဆုအား မသုသုဟေသာဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မသုသုဟေသာ**

**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာထွန်း(ဘ)ဦးသန်းနိုင် ၇/ညလပ(နိုင်) ၂၂၁၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 449863)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၉၈၂၂၄၄၃**

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ နိုင်နိုင်းမောင် (ဘ)ဦးခင်မောင်ညွှန့် ၇/ပခန(နိုင်)၃၁၂၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 504696) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၀၇၃၁၈၆၉**

**ပျောက်ဆုံးကြောင်း**
ဇင်လင်းသိန်း(ဘ)ဦးမြသိန်း ၁၂/ပဇတ(နိုင်)၀၃၁၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၉၈၂၂၄၄၃**

**ပျောက်ဆုံးကြောင်း**
မြသင်းခိုင်(ဘ)ဦးစိုးမြင့် ၉/ရမသ(နိုင်) ၁၇၆၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 048468)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၁၈၇၈၇**

**ပျောက်ဆုံးကြောင်း**
ထွန်းသိန်း(ဘ)ဦးကာရှမ်း ၁၂/လသန (နိုင်) ၀၀၈၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၀၈၆၃၂၀**

**ပျောက်ဆုံးကြောင်း**
ဦးကျော်စွာဝင်း(ဘ)ဦးအောင်ဝင်း ၉/သပက(နိုင်)၀၃၇၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 223628)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၂၁၆၅၈၈၈**

**ပျောက်ဆုံးကြောင်း**
ချစ်မင်းသူ(ဘ)ဦးဝင်းနိုင်စိုး ၁၄/ဟကက(နိုင်)၀၀၈၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၉၆၅၁၆၁**

**ပျောက်ဆုံးကြောင်း**
သာစည်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ သန့်ဇော်ထွန်း(ဘ)ဦးသောင်းကျော် ၉/သစန (နိုင်)၂၂၈၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 911732)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၆၁၄၉၀၃၆**

**ပျောက်ဆုံးကြောင်း**
မေသဇ္ဇါ(ဘ)ဦးအောင်စိုးစိုးထွန်း ၁၂/ဒဂတ(နိုင်)၀၉၁၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 533692)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၁၄၀၇၉၇၂**

**ပျောက်ဆုံးကြောင်း**
ဝင့်ဝါခိုင်(ဘ)ဦးအိုက်ဆန်(ခ)အိုက်မောင် ၉/ခအဇ(နိုင်)၀၁၇၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 663837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၂၃၇၀၃၈၈**

**ပျောက်ဆုံးကြောင်း**
နိုင်လင်းအောင်(ဘ)ဦးပိုက် ၇/ရတန(နိုင်) ၀၉၄၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 473006)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၄၆၃၈၅**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၃၂၅၉၇၇၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

နေပြည်တော် ဧပြီ ၇

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ**ဧပြီလ ၄ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၀၅၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၁၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ KENBO 125 မော်တော်ဆိုင်ကယ် (၁)စီးနှင့် TARYAN 125 မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဧပြီလ ၄ ရက်**တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် REPOL Polypropylene Homo-polymer အိတ် (၁၈၀)(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဧပြီလ ၅ ရက်**တွင် ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ နာရီစင်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်စားအုန်းဆီ(၅)လီတာပါ ဘူး(၇၂၀)(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မိတ္ထီလာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကားတာယာအဟောင်း (၈၀)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် မြန်မာနိုင်ငံထုတ် Pyay Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် TS Spanner ကီလိုဂရမ် (၂၅၀၈)၊ JFRESH LED မီးသီးလုံး (၁၆၀၀)အပါအဝင် ကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၄၆၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Van (၁)စီး၊ Mitsubishi Fuso Truck(၁)စီးနှင့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် (၁)စီးနှင့် Toyota Mark II မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၈၄၆၈၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၅ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့နယ်၊ မိုင်းတင်ကျေးရွာအနီး၌ မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် G I Pipe ကီလိုဂရမ် (၃၀၀၀၀)နှင့် Scream အားဖြည့်အချိုရည် (၄၁၂၅)ပုလင်းအပါအဝင် ကုန်ပစ္စည်း (၁၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၄၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Hino Profia Truck ၁ စီး၊ Mitsubishi Fuso Truck (၁)စီးနှင့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၄၄၂၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီ ၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၈)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသည့် Alpha ဘိလပ်မြေအိတ်ခွံ ကီလိုဂရမ် (၁၅၀၀၀)၊ တရုတ်နိုင်ငံထုတ် Ceramic Tile (၆၈၁ ဒသမ ၆)စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း(၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၄၈၁၆၂)**ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဧပြီလ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၅၄၅၀၇၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Khin La Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင် ရပ်ကွက်နေ မခင်လမင်း(ခ)ငွေလမင်းအား နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚ C | / | ၄၀˚ C |
| ရန်ကုန် | ၂၄˚ C | / | ၃၇˚ C |
| မန္တလေး | ၃၁˚ C | / | ၄၃˚ C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဧပြီ ၇

# ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာမှ ဒေသခံပြည်သူများ ကြက်သွန်သိမ်းနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲခဲ့ခြင်းကြောင့် ပြည်သူ ၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် ဧပြီလ ၆ ရက်နေ့က ဖြစ်ပွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများထင်ယောင်ထင်မှားဖြစ်လာပြီး ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင်ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိပါသည်။ ယခုဖြစ်စဉ်သည်လည်း မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ဒေါင်းသာကျေးရွာအနီးတွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားထားခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကိုမလိုလားသူများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

မန်ချက်စတာ၊ ဘောလုံး

# မန်စီးတီးအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အကြိမ် ၁၀၀နှင့်အထက်ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် ဒီဘရိုင်းမှတ်တမ်းဝင်



မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ်ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သဖြင့် မန်စီးတီးအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု အကြိမ် ၁၀၀ နှင့် အထက်ပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ မန်စီးတီးအသင်း ထိပ်တန်းအသင်းတစ်သင်းအဖြစ်ရပ်တည်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်ထိ အသင်း၌အရေးပါဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

ဒီဘရိုင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်ပြိုင်ပွဲစုံ ၃၇၂ ပွဲရှိခဲ့ပြီး သွင်းဂိုး ၁၀၀ နှင့် ဂိုးဖန်တီးမှု ၁၆၇ ကြိမ်အထိပြုလုပ်နိုင်ခဲ့သည့်အတွက် သွင်းဂိုးနှင့်ဂိုးဖန်တီးမှု အကြိမ် ၁၀၀ နှင့်အထက်ရှိလာခဲ့ကာ သွင်းဂိုး ၂၆၀ ဖြင့် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ကစားသမားဟောင်း အဂူရိုသည် ဂိုးဖန်တီးမှု ၇၃ ကြိမ်သာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

***Ref;Sky Sports***

လန်ဒန်၊ ဘောလုံး

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုရာခိုင်နှုန်းအများဆုံးကလပ်အသင်းအဖြစ် လီဗာပူးအသင်းက အသင်း၏စံချိန်ဟောင်းကိုကျော်ဖြတ်

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုရာခိုင်နှုန်းအများဆုံးကလပ်အသင်းအဖြစ် လီဗာပူးအသင်းက အသင်း၏စံချိန်ဟောင်းကိုကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)အဖြစ်ကစားခဲ့သည့် လီဗာပူးအသင်းက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် လီဗာပူးအသင်းသည် ရှက်ဖီးလ်ယူနိုက်တက်အသင်းကို ပွဲချိန်တစ်လျှောက်လုံး ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှု ၈၃ရာခိုင်နှုန်းအထိရှိခဲ့ပြီး ရှက်ဖီးလ်ယူနိုက်တက်အသင်းက ၁၇ ရာခိုင်နှုန်းသာရှိခဲ့သည့်အတွက် လီဗာပူးအသင်းက အသာစီးရရှိပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုရာခိုင်နှုန်း အများဆုံးကလပ်အသင်းအဖြစ် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းက ၈၀ရာခိုင်နှုန်းဖြင့် ရပ်တည်နေပြီး လီဗာပူးအသင်းသည် ၂၀၁၈ ခုနှစ် ဧပြီလက ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်းအထိရယူနိုင်ခဲ့သကဲ့သို့ မန်စီးတီးအသင်းသည်လည်း ၂၀၁၈ ခုနှစ် ဧပြီလက ဆွမ်ဆီးအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု ၈၀ ရာခိုင်နှုန်းအထိရှိခဲ့သော်လည်း ယခုအခါ လီဗာပူးအသင်းက အသင်း၏စံချိန်ဟောင်းနှင့် မန်စီးတီးအသင်း၏ စံချိန်ကိုကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

***Ref;Fotmob.com***

ဘာလင်၊ ဘောလုံး

# လေဗာကူဆင်အသင်း လက်ကျန်ပွဲစဉ်ခြောက်ပွဲတွင် တစ်ပွဲအနိုင်ရရှိပါက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဂျာမန်ဘွန်ဒက်စ်လီဂါဆုဖလားကို ဆွတ်ခူးနိုင်မည်




ယခုဘောလုံးရာသီတွင် နည်းပြအလွန်ဆို၏ ဦးဆောင်မှုနှင့်အတူ ပုံစံကောင်းများဆက်တိုက်ပြသနေသည့် လေဗာကူဆင်အသင်းသည် လက်ကျန်ပွဲစဉ်ခြောက်ပွဲတွင် တစ်ပွဲအနိုင်ရရှိပါက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဂျာမန်ဘွန်ဒက်စ်လီဂါဆုဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၂၈) အဖြစ်ကစားခဲ့သည့်ပွဲစဉ်တွင် လေဗာကူဆင်အသင်းသည် ယူနီယံဘာလင်အသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း အမှတ်ပေးဇယားအဆင့် (၂) နေရာမှ ဘိုင်ယန်မြူးနစ်အသင်းသည် ဟိုင်ဒန်ဟိမ်းအသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် လေဗာကူဆင်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ၂၈ ပွဲကစားပြီးချိန်တွင် ရမှတ် ၇၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး အဆင့် (၂) နေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ် ၁၆ မှတ်အထိ ဖြတ်တောက်ထားနိုင်ခဲ့သည်။

ယခုဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၂၈) ပြီးဆုံးပြီးနောက် လက်ကျန်ပွဲကစားရန်မှာ ခြောက်ပွဲသာလိုအပ်တော့သည့်အတွက် လေဗာကူဆင်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ၁၆ မှတ်ဖြတ်တောက်ထားနိုင်ပြီး လက်ကျန်ခြောက်ပွဲတွင် တစ်ပွဲအနိုင်ရရှိမည်ဆိုပါက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဂျာမန်ဘွန်ဒက်စ်လီဂါဆုဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၌ တစ်ပွဲမှ ရှုံးနိမ့်ထားခြင်းမရှိသေးဘဲ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၂၈ ပွဲကစားထားပြီး ၂၄ ပွဲနိုင် လေးပွဲသရေ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်တက်ရောက်ထားကာ လာမည့် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၂၉) အဖြစ် ကစားမည့် ဝါဒါဘရီမင်အသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိပါက ချန်ပီယံဆုဖလားဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

***Ref;B/R Football***

ရီယက်၊ ဘောလုံး

# တစ်ရာသီသွင်းဂိုးအများဆုံး စံချိန်ကို စီရော်နယ်ဒို ကျော်ဖြတ်နိုင်ရန်နီးစပ်နေ

အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီသွင်းဂိုးအများဆုံးစံချိန်ကို ကျော်ဖြတ်နိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း သွင်းဂိုးအများဆုံးကစားသမားအဖြစ် အယ်အီတီဖက်အသင်းနှင့် အယ်နာဆာအသင်းကစားသမားဟောင်း ဟမ်ဒါလာက ၃၄ ဂိုးဖြင့် စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် စီရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ၂၅ ပွဲ ကစားပြီးချိန်တွင် သွင်းဂိုး ၂၉ ဂိုးအထိသွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်ထားသည့်အတွက် ဟမ်ဒါလာ၏စံချိန်ကိုကျော်ဖြတ်နိုင်ရန် ခြောက်ဂိုးသာလိုအပ်နေခြင်းဖြစ်သည်။

လက်ရှိ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲပြီးဆုံးရန်မှာလည်း ခုနစ်ပွဲအထိလိုအပ်နေသေးသည့်အတွက် ဟမ်ဒါလာ၏စံချိန်ကိုကျော်ဖြတ်နိုင်ရန် အခွင့်အရေးရှိနေကြောင်း သိရသည်။

***Ref;Goal.com***


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
The Best Quality Tyre
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
CAR TYRE
CYCLE TYRE


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်…

❖ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး…

❖ **“ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်”** ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသမီးစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## Grade-7 နှင့် Grade-10 သင်ခန်းစာများ ထုတ်လွှင့်ပြသမည်

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education, Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲအချိန်နှင့် ည ၆ နာရီမှ ၆ နာရီခွဲအချိန်တွင် လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲအချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲအချိန်တွင် လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

## ယခုနှစ် ပထမသုံးလအတွင်း ချောင်းသာကမ်းခြေသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် တစ်သိန်းသုံးသောင်းကျော်ဝင်ရောက်



**ရန်ကုန် ဧပြီ ၇**

၂၀၂၄ ခုနှစ်၏ ပထမသုံးလဖြစ်သော ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့်မတ်လအတွင်း ချောင်းသာကမ်းခြေသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် တစ်သိန်းသုံးသောင်းကျော် ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းကာလအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကြီးကြပ်ရေးဦးစီးဌာနအောက်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများသို့ ဧည့်တည်းခိုမှုစာရင်းများအရ ဇန်နဝါရီလတွင် ပြည်တွင်းဧည့် ၄၄၃၉၀ ဦး၊ ပြည်ပဧည့် ၁၉၅ ဦး၊ ဖေဖော်ဝါရီလတွင် ပြည်တွင်းဧည့် ၃၉၀၂၄ ဦး၊ ပြည်ပဧည့် ၄၇၈ ဦး၊ မတ်လတွင် ပြည်တွင်းဧည့် ၅၀၀၉၈ ဦး၊ ပြည်ပဧည့် ၁၅၅ ဦး စုစုပေါင်း ၁၃၄၃၄၀ ဦး ဝင်ရောက်တည်းခိုခဲ့ကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁** ❑

## ကျွန်းလှမြို့နယ်၌ သီးထပ်စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ ဧပြီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုအခါ သီးထပ်စိုက်ပျိုးထားသော ဆီထွက်သီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများ၏ ပြောဆိုချက်အရ သိရသည်။

“လယ်ရိတ်သိမ်းပြီး ဆင်းရှေကြာ-၂ နေကြာမျိုး သုံးဧကစိုက်ပျိုးထားပါတယ်။ အခု နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ထပ်မံပြီး တိုးချဲ့စိုက်ပျိုးဖို့လည်း စီစဉ်ထားပါတယ်” ဟု နေကြာစိုက်တောင်သူ ဦးမင်းအောင်က ပြောသည်။

အဆိုပါနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း၊ **စာမျက်နှာ ၂၇ ကော်လံ ၁** ❐

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စာ- ၁၁ သို့

